ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့ (21-8-2008) (၅၇၇၇)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

# နေအိမ်ဝင်းအတွင်း သစ်ပင်များစိုက်ပျိုးကြရန်၊ စိုက်ပျိုးပြီးသီးနှံပင်များ ရှင်သန်ဖြစ်ထွန်းရေးဆောင်ရွက်ကြရန်၊ မိမိတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုကြိုးစားလုပ်ကိုင်ရန်မှာကြား

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအုပ်စု ကျွန်းသာယာကျေးရွာသစ်တွင် အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အိုးအိမ်မဲ့လေဘေးသင့်ပြည်သူများအား စနစ်တကျ နေရာချထားပေးမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၀

**ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသော အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီ ၁၀ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။**

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မော်လမြိုင်ကျွန်းမြို့နယ် လေဘေးသင့်ဒေသများ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဇလွန်-စက္ကော့၊ ဖျာပုံ-ဘိုကလေး၊ ဒေးဒရဲ-ကွမ်းခြံကုန်းလမ်းပိုင်းများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းပန်းဆက်သွယ်မှု အစဉ်ကောင်းမွန်စေရေးအတွက် တာဝန်ရှိသူများက လမ်းများကို အမြဲမပြတ် ကြည့်ရှုစစ်ဆေးပြီး ပျက်စီးမှုရှိက အမြန်ပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့၏ စည်ပင်ဖွံ့ဖြိုးမှုအခြေအနေများနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ ဖောက်လုပ်နေသည့် အရှည် ၅၂ မိုင်ရှိ မော်လမြိုင်ကျွန်း-လှိုင်းဘုန်း-ကွင်းပေါက်-ပြင်စလူ ကားလမ်း ဖောက်လုပ်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာသို့ ရောက်ရှိကြရာ နယ်မြေတာဝန်ခံ ဗိုလ်မှူးအောင်မင်း၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒိုင်းမွန်း မာကျူရီကုမ္ပဏီက လှူဒါန်းပြီး တာဝန်ယူတည်ဆောက်ပေးသည့် အိမ်ရာများ တည်ဆောက်ပြီးစီးမှုနှင့် အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအား **စာမျက်နှာ ၈ ကော်လံ ၁ သို့**❖

## ယနေ့ သတင်း၊ ဆောင်းပါးအညွှန်း

❒ နိုင်ငံတကာ စီးပွားရေးဆိုင်ရာ အင်တာနက် သတင်းဆောင်းပါး — စာမျက်နှာ-၄

❒ ခင်မောင်သန်း(စက်မှု)၏ “တောင်ငူခရိုင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းမြင်ကွင်းများ” (ဆောင်းပါး) — စာမျက်နှာ-၅

❒ ချစ်နိုင်(စိတ်ပညာ)၏ “လောကထဲက လူလေးမျိုး” (ဆောင်းပါး) — စာမျက်နှာ-၆

❒ ပေကျင်း အိုလံပစ်သတင်းများ — စာမျက်နှာ-၁၁

ကြေးမုံ The Mirror

၂၁-၈-၂၀၀၈
(ကြာသပတေးနေ့)

# စပါးအထွက်တိုးရေး ဆက်လက်ကြိုးပမ်း ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းစွမ်းဆောင်

ဧရာဝတီတိုင်းသည် ရေတော်မိုးတော် မိုးစပါး ဧက ၃၃ သိန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ရာ စပါးအထွက်တိုးရန် အလားအလာကောင်းမွန်သည်။ မိုးစပါးများ လျာထားချက်နှင့်အညီ ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး၊ တစ်ဧကအထွက်နှုန်း တိုးတက်ကောင်းမွန်ရေး ဆက်လက်ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

သီးနှံအထွက်တိုးရေးတွင် အထွက်တိုးစပါးမျိုးများ အသုံးပြုစိုက်ပျိုးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်းသာမက စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး၊ စက်ကိရိယာများ တိုးချဲ့သုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်သုံးစွဲရေးတို့သည်လည်း အရေးပါသည်။

အထူးသဖြင့် စိုက်ပျိုးပြီး စပါးပင်များ သီးနှံအထွက်ကောင်းရေးအတွက် ဓာတ်မြေဩဇာများကို စိုက်ပျိုးချိန်တွင် တစ်ကြိမ်၊ စိုက်ပျိုးပြီးနောက်ပိုင်းတွင် တစ်ကြိမ်အသုံးပြုရမည်ဖြစ်ရာ စိုက်ပျိုးရေးအခြေခံ သွင်းအားစုများ စိုက်ပျိုးရာသီချိန်အတွင်း ရရှိအသုံးပြုနိုင်ရေး ထောက်ပံ့ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်အစိုးရက ဧရာဝတီတိုင်းအတွင်းရှိ မုန်တိုင်းဒဏ်ခံခဲ့ရသည့် မြို့နယ် ခုနစ်မြို့နယ်တို့၌ ဒေသခံပြည်သူများ နေထိုင်စားသောက်ရေးနှင့် လယ်ယာစိုက်ပျိုးရေး၊ ရေလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရေးအတွက် လိုအပ်ချက်များနှင့် လုပ်ငန်းသုံးပစ္စည်းများကို ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။ အချို့ကျေးရွာများ၌ လူနေအိမ်ရာအသစ်များ၊ စာသင်ကျောင်းများ၊ ကျေးလက်ဆေးပေးခန်းများ၊ စာကြည့်တိုက်များကို တည်ဆောက်ပေးထားပြီးဖြစ်သည်။

တစ်ချိန်တည်းတွင် ရန်ကုန်-ပုသိမ် ကားလမ်းမကြီး၏ ပျက်စီးသွားသည့် လမ်းပိုင်းအချို့အပါအဝင် ကျေးရွာချင်းဆက်လမ်းများ ပြုပြင်ခြင်း၊ ပင်လယ်ပိုင်းဒေသအထိ ဆက်သွယ်သွားလာနိုင်မည့် လမ်းသစ်များဖောက်လုပ်ခြင်းတို့ကိုလည်း ဦးစားပေးဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရက လေဘေးသင့်ဒေသရှိပြည်သူများ၏ နေထိုင်ရေး၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင် လုပ်ကိုင်နိုင်ရေးအတွက် အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ဒေသခံပြည်သူများကလည်း ရည်မှန်းချက်နှင့်အညီ စပါးအထွက် လျာထားချက် ပြည့်မီကျော်လွန်စွာ ထွက်ရှိရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တက်ညီလက်ညီ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မဏ္ဍလာကံယုံကျောင်း သာသနာလင်္ကာရ စာသင်တိုက်အတွင်း ဇယမေဒနီခဏ္ဍ သိမ်တော်ကြီး အလယ်ထပ်ဆောက်လုပ်ရန် အုတ်နံရံ ၁၀ ပေ × ၁၃ပေ တစ်ခန်းအတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်နေ အောင်ဇေကမ္ဘာ ထရေးဒင်း ကုမ္ပဏီလီမိတက်ပိုင်ရှင် ဦးလှမောင်၊ဇနီး ဒေါ်ယက်သဲဖြူ တို့က အလှူငွေကျပ် ၉၀၀၀၀၀ ကို ကျောင်းတိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တကေတု(မဟာဂန္ထဝါစကပဏ္ဍိတ)ထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်တော်မူစဉ်။ (ကြေးမုံ)

| ပြည်သူ့သဘောထား | |
|---|---|
| ✪ | ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။ |
| ✪ | နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။ |
| ✪ | နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။ |
| ✪ | ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |

# မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကျင်းပ

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ အမှတ် (၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၀၈)တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၂၀

**မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၁/၂၀၀၈)ကို ဩဂုတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက အဖွင့်အမှာစကား ပြောကြားရာတွင် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်လာစေရန် အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများ တိုးတက်စေရန် တစ်ဖက်မှဆောင်ရွက်ရင်း တစ်ဖက်မှ အကြီးစားစက်မှု လုပ်ငန်းများ၊ ဓာတုပစ္စည်း စက်မှုလုပ်ငန်းများ၊ သံနှင့်သံမဏိစက်မှုလုပ်ငန်းများ၊ ရော်ဘာနည်းပညာဆိုင်ရာ စက်မှုလုပ်ငန်းများ ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် အဓိကကျသည့် စက်မှုလုပ်ငန်းများ တည်ရှိရာဒေသအလိုက် စက်မှုဇုန်ကြီး ၁၈ ဇုန်နှင့် စက်မှုဇုန်ခွဲ ၂၈ ဇုန်ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ကျွမ်းကျင်သူ၊ နည်းပညာနှင့် ငွေကြေးအကူအညီများ ပေးလျက်ရှိကြောင်း။

ထို့ပြင် မန္တလေး၊ မုံရွာနှင့် တောင်ကြီး အေးသာယာစက်မှုဇုန်များ၌ ခေတ်မီသံရည်ကျို၊ ပုံလောင်း၊ ပုံထောင်း၊ သံခုတ်စားစက်ရုံများနှင့် ရန်ကုန်မြို့၌ မိုနှင့်ဒိုင်ထုတ်လုပ်သည့် စက်ရုံများကို နိုင်ငံတော်က အားပေးထူထောင်ပေးခဲ့ကြောင်း၊ စက်မှုဇုန်များ၏ ထုတ်လုပ်မှုသည် ၂၀၀၅-၂၀၀၆ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ စုစုပေါင်း ငွေကျပ်သန်း ၃၆၉၂ သန်းအထိ ထုတ်လုပ်ခဲ့သည်ကိုတွေ့ရှိကြောင်း။

နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးဆိုင်ရာမူဝါဒများနှင့် အံဝင်ခွင်ကျဖြစ်စေရန် ပုဂ္ဂလိကပိုင် အခန်းကဏ္ဍကိုလည်း မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ အကြီးစားစက်မှုလုပ်ငန်းများမှအပ ကျန်စက်မှုလုပ်ငန်းများကို ပုဂ္ဂလိကပိုင်ဖြစ်စေ၊ ဖက်စပ်လုပ်ငန်းဖြစ်စေ ဆောင်ရွက်သွားကြရန်နှင့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အပိုင်း၊ စက်မှုလုပ်ငန်းရှင်များ အပိုင်းနှင့် သုတေသနပညာရှင်များအပိုင်း သုံးပိုင်းဖြင့် သုံးချောင်းထောက်စနစ်အသွင် အချိတ်အဆက်မိမိဖြင့် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်ပါက စက်မှုနိုင်ငံသို့ ရောက်ရှိမှာ ဖြစ်ကြောင်း၊ ထိုသို့ ထိထိရောက်ရောက် လက်တွေ့ကျကျ ညှိနှိုင်းပေါင်းစပ်ပေးနိုင်ရန်အတွက် ဆပ်ကော်မတီ ၁၀ခုကို ဖွဲ့စည်းပြီး ၎င်းတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် စီမံခဲ့ကြောင်း၊ အဆိုပါ ဆပ်ကော်မတီများအနေဖြင့် နိုင်ငံတော်၏ စက်မှုကဏ္ဍအရှိန်အဟုန်ဖြင့် တိုးတက်လာစေရန် စိတ်ဝင်တစား အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်က လယ်ယာသုံးစက်ပစ္စည်း ကိရိယာ ထုတ်လုပ်မှုဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကိုလည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်းကလည်းကောင်း၊ စက်မှုလက်မှုသုတေသန ဖွံ့ဖြိုးရေးနှင့် နည်းပညာဖြန့်ချိရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးကလည်းကောင်း၊ စက်မှုဥပဒေဆိုင်ရာ ရေးဆွဲရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ရှေ့နေချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဟန်ညွှန့်ကလည်းကောင်း၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်ကလည်းကောင်း၊ သံနှင့်သံမဏိ ထုတ်လုပ်မှု ဖွံ့ဖြိုးရေးဆပ်ကော်မတီနှင့် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်ကလည်းကောင်း၊ စက်မှုလက်မှု ဆိုင်ရာသတင်းဖြန့်ချိရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထွန်းက လည်းကောင်း၊ လူ့စွမ်းအား ပြုစုပျိုးထောင်ရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွန်းအောင်ကလည်းကောင်း၊ မော်တော်ယာဉ်ထုတ်လုပ်မှုကြီးကြပ်ရေး ဆပ်ကော်မတီ၏ ဆောင်ရွက်ချက်များကို အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်က လည်းကောင်း အသီးသီးရှင်းလင်း တင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းမှာကြားသည်။ (သတင်းစဉ်)

## လက်ရွေးစင်နည်းပြဆရာဟောင်း ဆရာငြိမ်းမွေးနေ့ကန်တော့ပွဲ

ရန်ကုန် ဩဂုတ် ၂၀

မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း နည်းပြဆရာဟောင်း၊ တက္ကသိုလ်များ(ရန်ကုန်) အားကစားအရာရှိ (အငြိမ်းစား)၊ ရန်ကုန်တက္ကသိုလ် မန္တလေးဆောင် အဆောင်မှူး(အငြိမ်းစား) ဆရာငြိမ်း၏ အသက်(၉၀)ပြည့်မွေးနေ့ကန်တော့ပွဲကို ဩဂုတ် ၃၁ရက်(တနင်္ဂနွေနေ့) နံနက် ၇ နာရီခွဲတွင် တက္ကသိုလ်များ ဘောလုံးအားကစားကွင်း သထုံလမ်း၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာငြိမ်း၏ တပည့်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (ကြေးမုံ)

ထောက်ကြန့်မြို့ လမ်းဆုံပိုင်းရပ်ကွက် ပြည်လမ်းနေ ဒေါ်စောရှင်၏ (၆၉)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်း၊ ဆေးပဒေသာပင်နှင့် ခြောက်ထပ်ဆေးရုံသစ်ကြီးတို့အတွက် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်တင် လက်ခံယူစဉ်။ (ကြေးမုံ)

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAMC Engineering Co., Ltd. မှ General Manager, Mr.Jin Young Xue နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

## ဝန်ကြီးဦးအောင်သောင်းအား တရုတ်ဧည့်သည်အဖွဲ့တွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၂၀**

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAMC Engineering Co., Ltd.မှ General Manager, Mr.Jin Young Xue ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၈ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်းFloat Glass မှန်စက်ရုံစီမံကိန်း(ကျောက်ဆည်) တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်မည့်ကိစ္စနှင့် သန့်လျှင်ဖန်ချက်စက်ရုံ၊ ပုလင်းမီးဖိုပြုပြင်ရေး၊ အိမ်သုံးဖန်ထည်ထုတ်လုပ်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်း စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၈)၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၈)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်းအမှတ်စဉ်(၅)နှင့် စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၅၄/၅၅) သင်တန်းများ ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## နယ်စပ်စည်ပင် သင်တန်းများဆင်းပွဲကျင်းပ ညွှန်ကြားရေးမှူးချုပ် တက်ရောက်မှာကြား

**ရန်ကုန် ဩဂုတ် ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ဩဂုတ် ၁၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၈)၊ အဆင့်မြင့် အိမ်တွင်းမှု သင်တန်း အမှတ်စဉ် (၁၈)၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး) သင်တန်း အမှတ်စဉ်(၅)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၅၄/၅၅)သင်တန်းများ ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး စီမံခန့်ခွဲရေး သင်တန်း အမှတ်စဉ်(၂၈)တွင် စံပြသင်တန်းသူဆုရ ဒေါ်ဝေဝေမြင့်၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၈)တွင် စံပြသင်တန်းသူဆုရ ဒေါ်သင်းယုယုဝင်း၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း(ကြိမ်/ဝါး) သင်တန်း အမှတ်စဉ်(၅)မှ ကြိမ်ဘာသာရပ်တွင် စံပြသင်တန်းသူဆုရ ဒေါ်ဖြိုးဝေဝေလှိုင်၊ဝါးဘာသာရပ်တွင် စံပြသင်တန်းသူဆုရ ဒေါ်နန်းရည်ဝင်း၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၄) တွင် စံပြသင်တန်းသူဆုရ ဒေါ်ဝင်းဝင်းကြည်၊စာပေထူးချွန်ဆုရဒေါ်နှင်းနှင်းသက်၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၅)တွင် စံပြသင်တန်းသူဆုရ ဒေါ်ဇင်မာလွင်တို့အား ထူးချွန်ဆုများ ချီးမြှင့်ခဲ့ပြီး သင်တန်းဆင်းအောင်လက်မှတ်များကိုပေးအပ်သည်။

စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၈)သို့ သင်တန်းသူ ၂၆ ဦး၊ အဆင့်မြင့် အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၈)သို့ သင်တန်းသူ၁၆ ဦး၊ အိမ်တွင်းမှု လက်မှုလုပ်ငန်း (ကြိမ်/ဝါး)သင်တန်း အမှတ်စဉ်(၅) သို့ သင်တန်းသူ၂၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၅၄)သို့သင်တန်း သူ ၆၀၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၅၅)သို့ သင်တန်းသူ ၂၉ ဦး စုစုပေါင်းသင်တန်းသူ ၁၅၁ ဦး တက်ရောက် အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၂ ပတ် ကြာမြင့်ခဲ့သည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် သင်တန်းသူများ ချုပ်လုပ်ထားသည့် အဝတ်အထည် လက်ရာများနှင့် ကြိမ်ထည်၊ ဝါးထည် လက်မှု အသုံးအဆောင်ပစ္စည်းများကို အားပေးကြည့်ရှုပြီး စာသင်ဆောင်များ၊ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ဗဟိုလေ့ကျင့်ရေးကျောင်း၏ နှစ်ရှည်သီးနှံ၊ ရာသီသီးနှံ စိုက်ပျိုးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ကျိုက္ကစံ ဆံတော်ရှင် စေတီတော် ဘက်စုံပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့ လသာလမ်းနေ ဦးအောင်လင်း-ဒေါ်စန်းစန်းမြင့်၊ သားသမီးတစ်စု (မင်းထင်ပဲင်ပြာရည်လုပ်ငန်း၊ သဃ်န်းကျွန်း)က အလှူငွေကျပ် ၃၁၀၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးစိုးမြင့်၊ အဖွဲ့ဝင် ဦးမြင့်သန်းတို့ လက်ခံယူစဉ်။**(ကြေးမုံ)

## (၁၆) ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။**

**၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက် ဖြစ်ထွန်းစေရေး။**

**၃။ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။**

**၄။ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် ကသစ်လမ်းနေ ဦးတင်ဌေး-ဒေါ်ဖြူဖြူ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋကရွှေရတု၊ ငွေရတု ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) တွဲဖက်ဘဏ္ဍာတော်ငွေထိန်း ဦးမောင်မောင်ကျော်ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## သူတို့ ဤသို့ တီထွင်ခဲ့ကြသည်

**နိုင်ငံတကာမှ သိပ္ပံပညာရှင်များ၊ သုတေသီများ၊ ပညာရှင်များက လူသားတို့အတွက် ဆေးဝါး၊ အစားအစာနှင့် အသုံးအဆောင်ပစ္စည်းအသီးသီးတို့ကို နှစ်ရှည်လများ စမ်းသပ်သုတေသနပြုကာ လူသားအကျိုးပြုပစ္စည်းများအဖြစ် တီထွင်ဖန်တီးခဲ့သည်။ အဆိုပါ ပညာရှင်များ တီထွင်ဖန်တီးထုတ်လုပ်ခဲ့သည့် ပစ္စည်းများ၊ တီထွင်ထုတ်လုပ်သည့် ခုနှစ်နှင့် ပညာရှင်များ၏ အမည်တို့ကို အလျဉ်းသင့်သလို ဖော်ပြသွားမည် ဖြစ်ပါသည်။**

| စဉ် | တီထွင်သည့်ပစ္စည်း | တီထွင်သည့်ခုနှစ် | တီထွင်သူ | နိုင်ငံသား |
|---|---|---|---|---|
| ၁ | ဓာတ်ပြား | ၁၈၈၇ | Berliner | အမေရိကန် |
| ၂ | အဝေးထိန်းကိရိယာ | ၁၈၉၈ | Tesla | အမေရိကန် |
| ၃ | ကော်စေ့အတု | ၁၉၃၁ | Hill | အင်္ဂလိပ် |
| ၄ | လျှင်တိုင်းယူနစ် (Richter Scale) | ၁၉၃၅ | Richter | အမေရိကန် |
| ၅ | ဆေးသကြား | ၁၈၇၉ | Remsen, Fahlberg | အမေရိကန် |
| ၆ | အပ်ချုပ်စက် | ၁၈၄၆ | Howe | အမေရိကန် |
| ၇ | ဖိနပ်ချုပ်စက် | ၁၈၆၀ | Mckay | အမေရိကန် |
| ၈ | ရေနွေးငွေ့သုံးကား | ၁၇၇၀ | Cugnot | ပြင်သစ် |
| ၉ | ရေနွေးငွေ့သုံးတာဘိုင် | ၁၈၈၄ | Parsons | အင်္ဂလိပ် |
| ၁၀ | သံမဏိ | ၁၉၁၆ | Brearley | အင်္ဂလိပ် |

# သုံးပွင့်ဆိုင်ပဟိုအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်သည့် သုံးပွင့်ဆိုင်ပဟိုအဖွဲ့ ကွမ်းခြံကုန်းမြို့နယ် ဆိပ်ကြီးကျေးရွာသို့ လေ့လာရေးခရီးသွားရောက်

နေပြည်တော် ဩဂုတ် ၂၀

**နာဂစ်မုန်တိုင်းဒဏ်ခံရသူများအတွက် အာဆီယံ လူသားချင်းစာနာမှု အထောက်အကူပေးရေးပင်မအဖွဲ့** (ASEAN Humanitarian Task Force) **၏ ဆုံးဖြတ်ချက်အရ သုံးပွင့်ဆိုင်ပဟိုအဖွဲ့က ဦးဆောင်ပြီး ကျေးလက်ကိုအခြေခံသော ဆောလျင်စွာ ပြန်လည်ထူထောင်ရေး အစီအမံ** (Community Based Early Recovery Project) **ကို အကောင်အထည်ဖော်လျက်ရှိသည်။**

အဆိုပါ အစီအမံအရ သုံးပွင့်ဆိုင်ပဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ဦးဆောင်ပြီး သုံးပွင့်ဆိုင်ပဟိုအဖွဲ့၏ အာဆီယံအဖွဲ့ဝင်များဖြစ်သည့်မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Bansarn Bunnag၊ အာဆီယံအတွင်းရေးမှူးချုပ်၏ ကိုယ်စားလှယ် Dr. Anish Kumar Roy၊ ကုလသမဂ္ဂ ကိုယ်စားလှယ်များဖြစ်သည့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Daniel Baker၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ Ms. Victoriya Talishkhanova၊ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာ ညှိနှိုင်းရေးမှူးရုံးမှ အကြီးအကဲ Mr. Thierry Delbreuve နှင့် အဖွဲ့ဝင် ၂၀ ပါဝင်သော အဖွဲ့သည် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းကြီးအနောက်ကျေးရွာအုပ်စု ဆိပ်ကြီးကျေးရွာ၌ အကောင်အထည်ဖော်လျက်ရှိသည့် ကျေးလက်ကို အခြေခံသောဆောလျင်စွာပြန်လည်ထူထောင်ရေး အစီအမံ၏ ပထမအဆင့်လုပ်ငန်းအခြေအနေများကို ကွင်းဆင်းလေ့လာရန် သွားရောက်ခဲ့ကြသည်။

**လုပ်ငန်း(၄)ရပ်**

သုံးပွင့်ဆိုင် ပဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆိပ်ကြီးကျေးရွာကို စံနမူနာပြ ပြန်လည်ထူထောင်ရေးနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုနိုင်ရန် ပထမအဆင့်အနေဖြင့် လုပ်ငန်း(၄)ရပ်ဖြစ်သောသာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံခြင်းလုပ်ငန်း၊ သောက်သုံးရေတွင်း၊ ရေကန်များ ဆယ်တင်မှုနှင့် သန့်ရှင်းရေး ဖြည့်ဆည်းပေးခြင်းလုပ်ငန်း၊ ကွမ်းခြံစိုက်ပျိုးရေးလုပ်ငန်းနှင့် ရေလုပ်သားများအတွက် လှေနှင့် ငါးဖမ်းပိုက်များ ထောက်ပံ့ပေးခြင်းလုပ်ငန်းတို့ကို အချိန်ကာလ သုံးလသတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

သုံးပွင့်ဆိုင် ပဟိုအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နံနက် ၉နာရီတွင် ဆိပ်ကြီးကျေးရွာ မူလတန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းပြင်ဆင်မွမ်းမံမှုအခြေအနေများကို ကြည့်ရှုကြပြီး ဆရာမများနှင့် ကျောင်းသူ ကျောင်းသားများအတွက် ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာရေးကိရိယာနှင့် အားကစားပစ္စည်းများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် အာဟာရတိုက်ကျွေးရန် အစားအသောက်နှင့် နို့ဘူးများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဆိပ်ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီတော်နှင့် သာသနိကအဆောက်အအုံအား ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ကြည့်ရှု၍ လိုအပ်သည်များကို စီစဉ်မှာကြားကာ ဆိပ်ကြီးကျေးရွာ မိသားစုများအတွက် စောင်၊ခြင်ထောင်၊ ဆပ်ပြာနှင့် ရေသိုလှောင်ပုံးများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ကွမ်းခြံစိုက်ပျိုးမှုလုပ်ငန်းအခြေအနေနှင့် ဘုန်းတော်ကြီးကျောင်းနှင့် ကျေးရွာရှိ ရေတွင်း၊ ရေကန်များအား သန့်ရှင်းရေးဆောင်ရွက်ထားမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့မှ တစ်ဆင့် ရေလုပ်သားများအတွက် လှေများ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍သုံးပွင့်ဆိုင်ပဟိုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျွန်းချောင်းကျေးရွာ၊ ညောင်ပိုင်းကျေးရွာနှင့် မြတ်လေးရုံကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းထိုင်ဆရာတော်နှင့် ကျေးရွာလူကြီးများအား တွေ့ဆုံကာ မုန်တိုင်းအတွင်း ပျက်စီးခဲ့မှုအခြေအနေများနှင့် ပတ်သက်ပြီး သုံးပွင့်ဆိုင်ပဟိုအဖွဲ့နေဖြင့် လိုအပ်သကဲ့သို့ ဆက်လက်ကူညီပံ့ပိုးပေးသွားမည့် အခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျွန်းချောင်းကျေးရွာရှိ မူလတန်းကျောင်းနှင့် ညောင်ပိုင်းကျေးရွာရှိ တော်ခရမ်းကြီး အလယ်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းအုပ်ကြီးများနှင့်ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် မိဘမဲ့ကလေးငယ် ၁၇ ဦးတို့အတွက် ကူညီထောက်ပံ့ငွေများနှင့် အကျီများကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဆိပ်ကြီးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျောင်းထိုင်ဆရာတော်နှင့် ရွာသူရွာသားများအား တွေ့ဆုံပြီး ဆိပ်ကြီးကျေးရွာကို စံပြကျေးရွာအဖြစ် ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် သုံးပွင့်ဆိုင်ပဟိုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ဆိပ်ကြီးကျေးရွာမှ ပြန်လည်ထွက်ခွာကြရာ ညနေ ၃နာရီ ၅မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မဟာစည်သာသနာ့ရိပ်သာကြီးတွင် ထိုင်းသံဃာတော်များနှင့် ယောဂီသုံးဦး တရားအားထုတ်

ရန်ကုန် ဩဂုတ် ၂၀

ထိုင်းနိုင်ငံ မဟာကျူလာလောင်ကွန် ဗုဒ္ဓတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဆရာတော်ကြီး ဗရဗရမ် မောလိကိုယ်တိုင် ကြွရောက်လာပြီး ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာကြီး၌ သတိပဋ္ဌာန် ဝိပဿနာတရားရှုမှတ်အားထုတ်ရန် တက္ကသိုလ်စာသင်သား၊ သံဃာ ၁၆ ပါးနှင့် အမျိုးသမီးယောဂီ ကျောင်းသူသုံးဦးတို့ကို မဟာစည် သာသနာ့ရိပ်သာ နာယက ဆရာတော်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဇဋိလ (သာသနာ့ဇဗ သီရိပဝရ မဟာ့စရိယ ဝိနယပါဠိပါရဂူ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ထံသို့ ဩဂုတ် ၁ ရက်တွင် လာရောက်အပ်နှံသည်။

**(အပေါ်ပုံ)**

ယင်းကဲ့သို့ တရားအားထုတ်ရန် အပ်နှံရခြင်းမှာ အဆိုပါ တက္ကသိုလ်တွင် ဘာသာစုံ သင်ကြားပြီးသော ကျောင်းသား၊ ကျောင်းသူများသည် ဝိပဿနာ တရားအားထုတ်ပြီးမှသာ ဘွဲ့ယူခွင့်ရှိပြီး အားထုတ်ရမည့် ဘာဝနာတရားမှာ မြတ်စွာဘုရားဟောကြားသော မဟာသတိပဋ္ဌာန်ဝိပဿနာရှုမှတ်နည်းဖြင့် အားထုတ်ရမည်ဟု သတ်မှတ်ထားရှိကြောင်း သိရသည်။ မဟာသတိပဋ္ဌာန် ဝိပဿနာရှုမှတ်နည်း နည်းလမ်းမှန်ကန်စွာသင်ကြားပြသလျက် လက်တွေ့ အားထုတ်စေသော ဤမဟာစည်ရိပ်သာကြီးကို ရွေးချယ်သတ်မှတ်ထားသဖြင့် လာရောက်အပ်နှံရခြင်းဖြစ်ကြောင်း သိရသည်။

ကျောင်းသူ၊ ကျောင်းသားများသည် ခုနစ်လကြာ တရားစခန်းဝင်၍ တရားအားထုတ်ကြမည်ဖြစ်ပြီး တရားအားထုတ်မှု စာတမ်းရေးသားပြုစုတင်ပြရမည်ဖြစ်သည်။ ဝါကျွတ်သည့်အခါ ဆရာတော်ကြီးကိုယ်တိုင် တရား အားထုတ်မှု အခြေအနေကို ထပ်မံလာရောက် လေ့လာမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယပါမောက္ခချုပ် ဆရာတော်ကြီးသည် မဟာစည်သာသနာ့ရိပ်သာကြီး၏ ဘက်စုံအထွေထွေရန်ပုံငွေ အလှူတော်အဖြစ် အမေရိကန်ဒေါ်လာ ၂၉၀၀ နှင့် မြန်မာငွေကျပ် ၇၀၀၀၀ လှူဒါန်းခဲ့ကြောင်းသိရသည်။(ကြေးမုံ)

### ရေတောင်တောရ ဆရာတော် နိဗ္ဗာန်ရောက်ကြောင်း တရားတော်ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၀

မွန်ပြည်နယ် မုဒုံမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ ရေတောင်တောရ ဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း ဦးစီးပဓာန နာယက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရသည် ရေးမြို့နယ် လမိုင်းမြို့ နတ်ရေကန် ဓမ္မရိပ်သာ၌ ၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၇ ရက်မှ ၁၃ ရက် (ဩဂုတ် ၂၃ ရက်မှ ၂၉ရက်အထိ) နိဗ္ဗာန်ရောက်ကြောင်း တရားတော်ကို ချီးမြှင့်တော်မူမည်ဖြစ်သည်။ ဆရာတော်သည် လမိုင်းမြို့၌ နှစ်စဉ် ဝါတွင်းကာလအတွင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်မြတ်ကို ချီးမြှင့်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြေးမုံ The Mirror

**နိုင်ငံတကာစီးပွားရေးဆိုင်ရာ အင်တာနက်သတင်းဆောင်းပါး အောင်နိုင်ဦး (ကြေးမုံ)**

## နေအားလျှပ်စစ် တစ်ခေတ်ဆန်းသစ်ပို့ပြင်

လော့စ်အိန်ဂျလိစ် ဩဂုတ် ၁၆

နေစွမ်းအင်ထုတ်ယူ သုံးစွဲမှုတွင် ကမ္ဘာ့ရှေ့တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ပြန်လည်ရပ်တည်နိုင်ရန်နှင့် အိမ်ရာနှစ်သိန်းခွဲအတွက်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်၍ ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်ဓာတ်အားပေးစက်ရုံနှစ်ရုံကို တည်ဆောက်ရန် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၏ အကြီးဆုံး ဘက်စုံကုမ္ပဏီကြီးနှင့် သဘောတူစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၁၅ရက်တွင် ထုတ်ဖော်ပြောကြားသည်။

၂၀၁၀ ပြည့်နှစ်တွင် ပြည်နယ် လျှပ်စစ်စွမ်းအင် လိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းကို (ရေအား၊ လေအား၊ နေစွမ်းအားကဲ့သို့သော) ပြန်ပြည့်မြဲစွမ်းအင်အရင်းအမြစ်များမှ ထုတ်ယူသုံးစွဲနိုင်ရန်အတွက် ဆန်ဖရန်စစ္စကို အခြေစိုက် ပစိဖိတ်ဓာတ်ငွေ့နှင့် လျှပ်စစ် (PG & E) က အထက်ပါ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကြီးနှစ်ခုကို သုံးစွဲသွားမည်ဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် ဂျက်ကီးနန်က ပြောကြားသည်။

"ဒီသဘောတူညီချက်ကကျွန်တော်တို့ရဲ့ ပြန်ပြည့်မြဲစွမ်းအင်သုံးစွဲရေးဆိုင်ရာ ရည်မှန်းချက် ပန်းတိုင်ဆီကို အရောက်သွားဖို့ တွန်းအားတစ်ရပ်ဖြစ်စေရုံသာမက ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍရဲ့ အရေးပါတဲ့ခြေလှမ်းတစ်ရပ်လည်းဖြစ်ပါတယ်" ဟုလည်း ၎င်းက ဆက်လက် ပြောကြားသည်။

PG&E ကုမ္ပဏီသည် နေရောင်ခြည်ကို အလျှံပယ်ရရှိနိုင်သည့် ကလီဖိုးနီးယားပြည်နယ် အလယ်ပိုင်းရှိ ဆန်လူးဝစ္စအိုဘစ်စပိုမြို့တွင် နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန်အတွက် ဆီလီကွန်တောင်ကြားမှ နည်းပညာကုမ္ပဏီများဖြစ်သော အော့ပ်တီဆိုလာနှင့် ဆန်းပါဝါကုမ္ပဏီတို့နှင့် ကန်ထရိုက်စာချုပ်များ ချုပ်ဆိုပြီးပြီဖြစ်သည်။ အဆိုပါ ဓာတ်အားပေးစက်ရုံ တည်ဆောက်မည့် ဆန်လူးဝစ္စအိုဘစ်စပိုမြို့သည် ပြည်နယ်အတွင်းရှိ လူဦးရေအထူထပ်ဆုံး မြို့ကြီးနှစ်မြို့ဖြစ်သည့် ဆန်ဖရန်စစ္စကိုနှင့် လော့စ်အိန်ဂျလိစ်မြို့တို့နှင့် အကွာအဝေးတူညီသောအရပ်တွင် တည်ရှိနေသည်။ အော့ပ်တီဆိုလာက မဂ္ဂါဝပ် ၅၅၀ ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို တည်ဆောက်သွားမည်ဖြစ်ပြီး ဆန်းပါဝါက မဂ္ဂါဝပ် ၂၅၀ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် နေစွမ်းအင်သုံးဓာတ်အားပေး စက်ရုံတို့ကို တည်ဆောက်သွားမည်ဖြစ်သည်။

PG&E ကုမ္ပဏီမှ တာဝန်ရှိသူများ၏ အဆိုအရ အော့ပ်တီဆိုလာ တည်ဆောက်မည့် ဓာတ်အားပေးစက်ရုံတစ်ရုံတည်းကပင် ကားအစီး ၉၀၀၀၀ က ထုတ်လွှတ်သည့်ကာဗွန်ပမာဏနှင့်ညီမျှသော ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်ဟု ပြောကြားသည်။ စွမ်းအင်ကဏ္ဍဆိုင်ရာ တာဝန်ရှိသူများကလည်း စီမံကိန်းအသစ်သည် လုပ်ငန်းပမာဏ ကြီးမားကြောင်း၊ ထုတ်လုပ်မည့် နေအားလျှပ်စစ်ဓာတ်အားပမာဏအားလုံးကိုလည်း အမေရိကန်ပြည်ထောင်စု၏ နေစွမ်းအင် အခြေခံဓာတ်အားထုတ်လုပ်မှုများနှင့် ပေါင်းစည်းဆက်စပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လက်ရှိ အခြေအနေတွင် ကမ္ဘာပေါ်၌ အကြီးဆုံး နေအားလျှပ်စစ်စက်ရုံမှာ စပိန်နိုင်ငံမှ ၂၃ မဂ္ဂါဝပ်ထုတ်လုပ်နိုင်သည့် စက်ရုံဖြစ်ပြီး ဩစတြေးလျနိုင်ငံမှ ၁၅၄ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နိုင်မည့် နေအားလျှပ်စစ်စက်ရုံမှာမူ တည်ဆောက်ဆဲဖြစ်ကြောင်း သိရသည်။



အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် ကန္တာရအတွင်းရှိ နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

## သစ်အခြေခံစက်မှုနည်းပညာ သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၀

အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ စက်ရုံအလုပ်ရုံ ကြီးကြပ်မှုသင်တန်းဖွင့်ပွဲကို ဒဂုံမြို့သစ် (မြောက်ပိုင်း) သစ်အခြေခံစက်မှုသင်တန်းဌာန၌ ဩဂုတ် ၁၈ရက်က ဖွင့်လှစ်သည်။ အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိန်လွင် **(အပေါ်ပုံ)** က နှုတ်ခွန်းဆက်စကား ပြောကြားပြီး အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက အမှာစကားပြောကြားကာ ဂုဏ်ထူးဆောင်သင်တန်းကျောင်းအုပ်ကြီး ဦးကောင်းရင်က သင်တန်းပို့ချမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်းသိရသည်။ (ကြေးမုံ)

# တောင်ငူခရိုင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစိုက်ခင်းမြင်ကွင်းများ

**သတင်းဆောင်းပါး၊ ဓာတ်ပုံ**
**ခင်မောင်သန်း(စက်မှု)**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနမှ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ပဲခူးတိုင်းတွင် တောင်ငူခရိုင်နှင့် ပဲခူးခရိုင်တို့၌ ပါဝင်သော မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးရိုးမ တောင်တန်းတစ်လျှောက် ပြန်လည်စိမ်းလန်းစိုပြည်လာစေရန် သစ်တောသစ်ပင်များ ပြုစုပျိုးထောင် စိုက်ပျိုးလျက်ရှိရာ ပဲခူးတိုင်း တောင်ငူခရိုင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကွင်းဆင်းလေ့လာလျက် ရေးသားတင်ပြလိုက်ရပါသည်။

တောင်ငူခရိုင်တွင် ဖြူးမြို့နယ်၊ တောင်ငူမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် ရေတာရှည်မြို့နယ်များမှာ-ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းဝင် မြို့နယ်များ ဖြစ်ကြသည်။ စာရေးသူတို့အဖွဲ့အား တောင်ငူခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၏ စီမံဆောင်ရွက်ပေးမှုဖြင့် ဖြူးမြို့နယ်သို့ သွားရောက်ပြီး တောအုပ်ကြီး ဦးကျော်ဦးနှင့်အဖွဲ့ လိုက်ပါ၍ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးဆောင်ရွက်မှုများကိုကွင်းဆင်းကြည့်ရှုလေ့လာခဲ့သည်။

ထိုသို့ သွားရောက်လေ့လာရာတွင် ရန်ကုန်-မန္တလေး ကားလမ်းမှ အနောက်ဘက် ငါးမိုင် ငါးဖာလုံ ပဲခူးရိုးမထဲသို့ ဝင်လာရသည်။ တောအုပ်ကြီးဖြစ်သော ဦးသက်နိုင်ဦး၊ တောအုပ် ဦးတင်မောင်ရီ၊ တောခေါင်း ဦးကျော်မောင်တို့က ဖြူးကွင်း ကြိုးပြင် ကာကွယ်တော အကွက် အမှတ်(၁၃) ၁/၂၀၀၇ ဧက ၂၀၀ ကျွန်းစိုက်ခင်းကို ရှင်းလင်းပြခဲ့ကြသည်။

ထို့နောက် ဖြူးကွင်းကြိုးပြင်တွင် ၂၀၀၄ ခုနှစ်က စိုက်ပျိုးထားသော ကျွန်းအထူးဧက ၁၀၀၀ အကွက်အမှတ် XI နှင့် သီးခြားကျွန်းစိုက်ခင်းဧက ၄၀၀အကွက်အမှတ် XIII တွင် လေ့လာခဲ့ရာ ကျွန်းပင်များကြီးထွားသန်မာလျက်ရှိသည်။ ၂၀၀၅ ခုနှစ် သီးခြားကျွန်းဧက ၃၀၀ကို မြယာပင်ကြော ကြိုးဝိုင်း၌လည်းကောင်း၊ ဧက ၃၀၀ ကို ဖြူးကွင်းကြိုးပြင်၌လည်းကောင်း၊ ဧက ၇၀၀ တွင် အကွက်အမှတ် XI ၌ ၁၅ပေ × ၁၅ပေ ပတ်လည်စိုက်ပျိုးခဲ့ကြသည်။ ထို့နောက် ဖြူးကွင်း ကြိုးပြင်တွင် ရေဝေရေလဲစိုက်ခင်းဧက ၃၅၀၌ သစ်ဆိမ့်နှင့် ပျဉ်းကတိုးပင်များ စိုက်ပျိုးခဲ့ကြပြီး ဧက ၂၀၀တွင် ကျေးရွာသုံးထင်းစိုက်ခင်းအဖြစ် ဘောစကိုင်းနှင့် မဲဇလီပင်များ ဖြစ်ထွန်းအောင်မြင်လျက် ရှိသည်။ ဖြူးချောင်းကြိုးဝိုင်းတွင် ၂၀၀၆ ခုနှစ် ရေဝေရေလဲစိုက်ခင်း ဧက ၄၀၀ ကျွန်း၊ ပျဉ်းကတိုးများကို အကွက်အမှတ်(၂၄)တွင်လည်းကောင်း၊ ဖြူးကွင်းကြိုးပြင်တော၌ ဧက ၄၀၀၊ အကွက်အမှတ် XI တွင် စိုက်ပျိုးထူထောင်ထားကြသည်။ အဆိုပါ ဖြူးကွင်း ကြိုးပြင်တော၌ ဧက ၂၀၀တွင် ကျေးလက်သုံးဘောစကိုင်းနှင့် မဲဇလီပင် ဧက ၁၀၀တွင် ကြက်ဆူ(စီးပွားရေး)များကို အကွက် XIII တွင် တွေ့ရှိရပါသည်။

ထို့နောက် ၂၀၀၇ ခုနှစ်တွင် စီးပွားရေး ကျွန်းစိုက်ခင်းများဖြင့် ဖြူးကွင်းကြိုးပြင် အကွက် XIII ၌ ဧက ၂၀၀၊ အကွက် XI ၌ ဧက ၇၅၀ စိုက်ပျိုးထားခဲ့ကြပြီး ရေဝေ ရေလဲ ဧက စုစုပေါင်း ၅၅၀၌ ကျွန်း၊ ပိတောက် စိုက်ပျိုးခဲ့ပြီးနောက် ကျေးရွာသုံး ထင်းစိုက်ခင်း ဧက ၁၅၀ တွင် ကြက်ဆူ၊ မဲဇလီ၊ ဘောစကိုင်းပင်များ စိုက်ပျိုးခဲ့ကြသည်။

၂၀၀၈ ခုနှစ် ဖြူးကွင်းကြိုးပြင် အကွက်အမှတ် XIII တွင် စီးပွားရေးကျွန်းဧက ၂၀၀၊ အကွက်အမှတ် XI တွင် ဧက ၈၀၀ စိုက်ပျိုးခဲ့ကြသည်။ ဆက်လက်၍ ဖြူးကွင်းကြိုးပြင် အကွက် XI XI တွင် ကျေးရွာသုံး ထင်းစိုက်ပျိုးခင်းဧက ၁၀၀ ၌ အော်ရီရှား၊ မဲဇလီပင်များနှင့် ရေဝေ ရေလဲ ၅၅၈ ဧကတွင် ပျဉ်းကတိုး၊ ပိတောက်၊ စစ်ပင်များ စိုက်ပျိုးထားကြသည်။

ထို့နောက် အုတ်တွင်းမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ရာ ခပေါင်းကြိုးဝိုင်းအကွက် (၂၂-၂၃)တွင် စီးပွားရေးကျွန်း ဧက ၅၀၀ ကို ၂၀၀၄-၂၀၀၅ ခုနှစ်က စိုက်ပျိုးခဲ့ရာ သန်မာကြီးထွားလျက်ရှိသည်။ ရေဝေရေလဲစိုက်ခင်းကို မြယာပင် ကြိုးဝိုင်းအကွက်(၁၁)၌ သစ်ဆိမ့်ဧက ၁၀၀ စိုက်ပျိုးထားရှိသည်။ ထို့နောက် ခပေါင်းဆည်သွားရာ လမ်းတောင်ဘက် မိုင်တိုင်(၄/၅)ကျွန်း (သာမန်) စိုက်ခင်း ၂ဒသမ၅ ဧကအား လေ့လာခဲ့သည်။ ၂၀၀၅-၂၀၀၆ခုနှစ်က စီးပွားရေးကျွန်းကို ဘုန်းတောင်ကြိုးဝိုင်းနှင့် ခပေါင်းကြိုးပြင် ကာကွယ်တော၌ ဧက ၁၀၀၀ စိုက်ပျိုးထားကြပြီး ရေဝေရေလဲ ပျဉ်းကတိုး ဧက ၃၅၀၊ ကျေးရွာထင်းစိုက်ခင်းအဖြစ် မဲဇလီ၊ အော်ရီရှား၊ မန်ဂျန်ရှား သစ်ပင်များကို ပေါက်တောကြိုးဝိုင်းတွင် ဧက ၁၀၀ စိုက်ပျိုးထားကြသည်။ ၂၀၀၆-၂၀၀၇ ခုနှစ် ခပေါင်းကြိုးပြင် ကာကွယ်တောအကွက် အမှတ် XIII၊ ဧက ၁၀၀၀ ကျွန်းစိုက်ခင်း၊ ဘုန်းတောင်ကြိုးဝိုင်း၌ ရေဝေရေလဲ ပျဉ်းကတိုး ဧက ၄၀၀ နှင့် မဲချောင်းကျေးရွာတွင် မဲဇလီ၊ မန်ဂျန်ရှား၊ အော်ရီရှား ဧက ၂၀၀ စိုက်ပျိုးခဲ့ရာ အထူးဖြစ်ထွန်းလျက်ရှိသည်။ ၂၀၀၇-၂၀၀၈ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ခပေါင်းကြိုးပြင် ကာကွယ်တော၌ ဧက ၁၀၀၀ ကျေးရွာသုံးစိုက်ခင်းအဖြစ် ကြက်ဆူ၊ မဲဇလီ၊ မန်ဂျန်ရှားသစ်ပင်များ မြယာပင်ကြော ကြိုးဝိုင်းအတွင်း၌ ဧက ၁၀၀ အပြင် ဘုန်းတောင်ကြိုးဝိုင်း ရေဝေ ရေလဲ ပျဉ်းကတိုး ဧက ၅၅၀အကွက် (၅၁-၅၂)တွင် တွေ့ရှိရသည်။

ရေတာရှည်မြို့နယ် စိုင်းရကြိုးဝိုင်းအတွင်း ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ကျွန်းစိုက်ခင်းကို တွေ့ရစဉ်။

အုတ်တွင်းမြို့နယ်မှ ရေတာရှည်မြို့နယ်သို့ ဆက်လက်ထွက်ခွာရာ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးဌေးမောင်လိုက်ပါ၍ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းမြင်ကွင်းများကို ကွင်းဆင်းလေ့လာခဲ့သည်။ ၂၀၀၇-၂၀၀၈ ခုနှစ် မြို့လှကြိုးဝိုင်းရေနီအမှတ်(၂) စက္ကူစက်ရုံအနောက်ဘက် စက်မှုကုန်ကြမ်း ယူကလစ်စိုက်ခင်း ဧက ၁၂၅၀ သို့ ရောက်ရှိခဲ့ရာ ယူကလစ်ပင်များ ကြီးထွားဖြစ်ထွန်းလျက်ရှိသည်။ ထို့နောက် စိုင်းရကြိုးဝိုင်းတော၌ ကျွန်းအထူးဧက ၁၀၀၀၊ ပျဉ်းမဧက ၅၀ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။ အဆိုပါ ကြိုးဝိုင်းအတွင်းက ကျွန်းအထူးဧက ၅၀၀ သီးခြားကျွန်းဧက ၈၀၀ ကို သာဂရ-ကိုးပင်ရိုးမဖြတ်ကျော် လမ်းဘေးများတွင် စိုက်ပျိုးထားကြသည်။ ၂၀၀၅-၂၀၀၆ ခုနှစ် စိုင်းရကြိုးဝိုင်း၌ ကျွန်းအထူးဧက ၅၀၀၊ သီးခြားကျွန်းဧက ၉၀၀၊ အကွက်အမှတ်-၅၅နှင့် (၇၀-၇၁) များတွင် အောင်မြင်ဖြစ်ထွန်းနေကြသည်။ မြို့လှကြိုးဝိုင်းတွင် ယူကလစ်ဧက ၁၂၅၀ စုစုပေါင်းဧက ၂၆၅၀ဖြစ်သည်။ ၂၀၀၆-၂၀၀၇ စိုင်းရကြိုးဝိုင်းအကွက်-(၅၀/၅၁/၅၂)ကျွန်းဧက ၆၀၀၊ စမိုးကြိုးဝိုင်းတွင် ကြက်ဆူဧက ၅၀ စိုက်ပျိုးခဲ့ကြရာ စိမ်းလန်းနေသော မြင်ကွင်းများ တွေ့ရသည်။

တောင်ငူခရိုင် ဖြူးမြို့နယ်မှ ကျွန်းအထူးစိုက်ခင်း ဧက ၃၀၀ ကို တွေ့မြင်ရစဉ်။

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းကို ၂၀၀၄-၂၀၀၅ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ရာ စိုင်းရကြိုးဝိုင်း အကွက် (၇၃/၇၁/၇၂) ကျွန်းအထူးဧက ၅၀၀၊ သီးခြားကျွန်းဧက ၈၀၀ မှာ သစ်ပင်သစ်တောများ အဖြစ် အုပ်အုပ်ဆိုင်းဆိုင်း တွေ့ရှိရပေသည်။

တောင်ငူခရိုင် တောင်ငူမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်းတွင် ပန်းပဲတိုးချဲ့ကြိုးဝိုင်းမှာ ကမ္ဘာနီအထက်ဘက် ၂၀၀၅-၂၀၀၆ ခုနှစ် ရေဝေရေလဲစိုက်ခင်း ပျဉ်းကတိုးနှင့် သစ်ဆိမ့်ဧက ၃၀၀၊ ကမ္ဘာနီကြိုးဝိုင်း အကွက်အမှတ်-၇ တွင် အများသုံးစိုက်ခင်း မဲဇလီနှင့် သစ်ဆိမ့်ဧက ၁၀၀ စိုက်ပျိုးခဲ့ကြပြီး ၂၀၀၆-၂၀၀၇ ခုနှစ်တွင် စီးပွားရေးကျွန်း စိုက်ခင်း ဧက ၅၅၀ ကို ခပေါင်းကြိုးဝိုင်း အကွက်အမှတ် ၁၀၆ တွင် စိုက်ပျိုးခဲ့ကြသည်။ ခပေါင်းကြိုးပြင်တော၌ ကျေးရွာသုံး စိုက်ခင်း၌ မဲဇလီနှင့် မန်ဂျန်ရှားပင် ဧက ၁၀၀ကို အကွက် XX ၌ တွေ့ရှိခဲ့ရသည်။ ကမ္ဘာနီ ကြိုးဝိုင်း အကွက်အမှတ်- ၈ ၌ ဧက ၁၀၀ စီးပွားရေးကြက်ဆူပင် ဧက ၁၀၀ နှင့် စီးပွားရေးစိုက်ခင်း ကျွန်းဧက ၅၅၀ ကို ၂၀၀၆-၂၀၀၇၌ စိုက်ပျိုးခဲ့ကြသည်။ ၂၀၀၇-၂၀၀၈ ခုနှစ် ပန်းပဲတိုးချဲ့ကြိုးဝိုင်း အကွက်အမှတ် XVIII တွင် စီးပွားရေးကျွန်းဧက ၅၅၀ နှင့် ရေဝေရေလဲဧက ၅၀၀၌ ပျဉ်းကတိုး၊ သစ်ဆိမ့်ပင်များ စိုက်ပျိုးထားကြပြီး ဖြစ်သည်။

တောင်ငူခရိုင် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ကြိုးဝိုင်းကြိုးပြင် ကာကွယ်တောများအတွင်း ပဲခူးရိုးမ တောင်စဉ်၊ တောင်တန်းများ၌ ၂၀၀၄ မှ ၂၀၀၈ ခုနှစ်အထိ စီးပွားရေး၊ ရေဝေရေလဲ၊ ထင်းစိုက်ခင်းများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်လျက်ရှိရာ စိမ်းစိုသာယာလှပလျက် ရှိနေပြီဖြစ်ကြောင်း ရေးသားတင်ပြရပါသည်။ ။

## ဆက်ကပ်လှူဒါန်း

**ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၁၃ ရပ်ကွက် အမှတ်(၃) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာဆွေက မာဂဓီ-သာစည်ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ သင်ကြားစီမံဆရာတော် ဘဒ္ဒန္တနေမိန္ဒထံသို့ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

## တန့်ယန်းမြို့ မဟာမြတ်မုနိဘုရားကြီး ဘက်စုံပြုပြင်ရေးအတွက် အလှူငွေ ပေးအပ်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့ရှိ မဟာမြတ်မုနိဘုရားကြီး ဘက်စုံပြုပြင်နိုင်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၁၇ ရက်တွင်အဆိုပါ ဘုရားကြီး အာရုံခံတန်ဆောင်း၌ ကျင်းပရာ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခိုင်ဇော်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်သူရနှင့် တာဝန်ရှိသူများကလက်ခံကြသည်။

ယင်းနောက် မဟာမြတ်မုနိဘုရားကြီး ဆရာတော် ဘဒ္ဒန္တကောလိယထံမှ ပရိသတ်တို့က ရေစက်ချ အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ ပထမအကြိမ် အလှူငွေ ပေးအပ်ပွဲတွင် ငွေကျပ် ငါးဆယ့်ကိုးသိန်းနှစ်သောင်းရှစ်ထောင် ဖြစ်ကြောင်းနှင့် ဒုတိယအကြိမ် အလှူငွေ ပေးအပ်ပွဲကိုလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## လှူဒါန်း

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ လသာမြို့နယ်သံချေးကွန်ဒိုစင်တာနေ ဦးဝင်းမြင့်၊ ဒေါက်တာ ဒေါ်တင်တင်အေး မိသားစုက အလှူငွေကျပ် တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာ အရှင်နန္ဒသိရီထံ ကပ္ပိယကာရကမှတစ်ဆင့် ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# လောကထဲက လူလေးမျိုး

ချစ်နိုင်(စိတ်ပညာ)

လူတွေဟာနေ့စဉ်နဲ့အမျှ ရွေ့လျားလှုပ်ရှားနေကြတာကို မြင်ပါတယ်။ လူတွေဟာ အမျိုးမျိုးပါပဲ။

အဲဒီလူတွေထဲမှာ အချို့က ကံကောင်းကြတယ်။ ဘယ်လောက်ကံကောင်းသလဲဆိုရင် သူ့မှာစားဖို့ရာလည်း မပူရဘူး၊ ဝတ်စရာလည်း မပူရဘူး၊ နေစရာလည်းမပူရဘူး။ စားစရာကောင်းမွန်ရာ တွေဆိုရင် စားချင်သလောက်စား၊ စားနိုင်သလောက်စား၊ သောက်နိုင်သလောက်သောက်၊ ပေါများပြည့်စုံသမှ အလျှံပယ်ပေါ့။ အဖိုးတန်တဲ့ စားကောင်းသောက်ဖွယ်တွေကို ပဒေသာပင်က ဆွတ်ယူစားသုံးနိုင်သလို ပြည့်စုံကြွယ်ဝပါတယ်။ စားစရာတွင်လားဆိုတော့ မဟုတ်ပါ။ ဝတ်စရာပိုး၊ ဖဲ၊ ကတ္တီပါ၊ သက္ကလတ်၊ ဇာအမျိုးမျိုး အစားစားသော ဝတ်စရာတွေဟာ တောင်ပုံရာပုံ ပြည့်စုံချမ်းသာတယ်။ ဝတ်စရာ ပတ္တမြား၊ နီလာ၊ စိန်၊ ကျောက်စိမ်း၊ မြ၊ ရွှေ၊ ငွေ အထွေထွေသော လက်ဝတ်လက်စားတွေ အရာရာ သူ့မှာအကုန် အလုံးစုံရှိတယ်။ နေစရာလည်း အလားတူပါပဲ။ ဆောင်းရာသီ စံမြန်းစရာ၊ နွေရာသီစံမြန်းစရာစသဖြင့် ပြည့်စုံပါသတဲ့။ ဒီလိုလောကီစည်းစိမ်ဟူသမျှ ပြည့်စုံကြွယ်ဝတဲ့သူဟာ ကံအကောင်းဆုံး လူစားပေါ့။ လောကုတ္တရာဘက်တွင် တရားအမြင်ဖြင့် နိဗ္ဗာန်ချမ်းသာ ရရှိသူများလည်းရှိပါတယ်။ သူတို့ကတော့ ရုပ်ဝတ္ထုအားလုံးရဲ့ မတည်မြဲပုံကို သိမြင်ကြလို့ဘာမှမခင်တွယ်၊ လွတ်မြောက်လို့ လုံးဝအေးချမ်းကြတယ်။ ဒါကတော့ ကံအကောင်းဆုံး လူသားတွေပါပဲ။

အချို့ဟာ ကံကောင်းကြတယ်။ အတော်အသင့် ကြိုးစားရုံနဲ့ အတော်အတန် ချမ်းသာတယ်။ စားဝတ်နေရေး ပူစရာမလိုဘူး၊ ခေါင်းအေးအေးနဲ့ စိတ်ချမ်းသာပါရဲ့။

အချို့ဟာ ကံဆိုးကြတယ်။ ဘဝရည်မှန်းချက်တွေ ပြိုပျက်ပြီး မိမိ လုပ်ဆောင်ချက်တွေဟာ အရာမထင်ဖြစ်တတ်ပါတယ်။ မထင်မှတ်တဲ့ ကံဆိုးမိုးမှောင်တွေက သူ့ဘဝကို ဒုက္ခပေးကြတယ်။

အချို့ဟာ တော်တော်ကြီး ကံဆိုးလှတယ်။ သူပြုသမျှ အရာမထင်၊ သူလုပ်သမျှ အလွဲလွဲအချော်ချော်၊ သူဆောင်ရွက်သမျှ ကောင်းကျိုးမရ၊ ရန်သူမျိုးငါးပါးနဲ့ဆိုးဆိုးရွားရွားကြုံရပြီး မရှုမလှနဲ့ဇာတ်သိမ်းကြရတဲ့အထိပဲ။

လူတွေ လူတွေ တူရာစုပြီး အုပ်စုခွဲခြား စိစစ်ကြည့်လိုက်ရင်တော့ များများစားစား မရှိပါဘူး၊ တိတိကျကျ ရေတွက်ကြည့်လိုက်ရင် လူလေးမျိုး လေးစားပဲရှိပါတယ်။ အောက်ပါအတိုင်းပဲဆိုပါစို့-

၁။ ကံအလွန်ကောင်းသူများ၊

၂။ ကံကောင်းသူများ၊

၃။ ကံဆိုးသူများ၊

၄။ အလွန်တရာ ကံဆိုးရှာလွန်းတဲ့လူများ။

**ကံအလွန်ကောင်းသူများကတော့ ဓမ္မဆိုတဲ့တရားရဲ့အဆုံးအမကို နားဝင်လက်ခံယုံကြည်သူတွေပဲ။ သူတို့ဟာ အကုသိုလ်ဒုစရိုက်တရားတွေ ကင်းစင်နည်းပါးပြီး လောကကောင်းကျိုး၊ လောကလူသားများရဲ့ အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကိုသာ ရှေးရှုလုပ်ဆောင်ကြတဲ့လူစားတွေ။ တရားနဲ့အညီနေထိုင်တယ်။ တရားနဲ့အညီကျင့်သုံးတယ်။ တရားရဲ့ အဆုံးအမတွေကို သက်ဝင်ယုံကြည်တဲ့အတွက် မတရားတာမလုပ်ဘူး။ မသမာမှုကိုရှောင်ကြဉ်တယ်။ မမှန်တာမလုပ်ဘူး၊ မဟုတ်တာကိုမပြောဘူး၊ သူတစ်ဖက်သားကို တမင်ထိခိုက်နစ်နာအောင် မပြုလုပ်ဘူး။ သူ့ရည်ရွယ်ချက်က လောကကောင်းကျိုး သယ်ပိုးဖို့ရန်ဖြစ်ပါတယ်။ သူ့အပြုအမူတွေက နူးညံ့ပျော့ပျောင်းတယ်။ မေတ္တာဓာတ်ပါတော့ အေးမြတယ်။ သူကလူတစ်ဖက်သားကို ကြင်နာမှု၊ စာနာမှု၊ ငဲ့ညှာမှုနဲ့သာဆက်ဆံတယ်။ တိုးတက်အောင်ကူညီမှု၊ ဖြည့်ဆည်းမှု၊ အားပေးမှုတွေနဲ့ လက်တွဲတယ်။**

**သူတို့ဟာလုပ်သမျှအောင်မြင်ခဲ့တာပဲ။ သူတို့က ကံအကောင်းဆုံး လူစားတွေ။**

ဒုတိယကံကောင်းသူ အမျိုးအစားလူတွေက တရားဓမ္မကိုသိသူ၊ သိကြပါတယ်။ကြားဖူးနားဝ ရှိသူလည်း ရှိကြပါတယ်။ သူတို့က တရားဓမ္မကိုသိပေမယ့် ကျင့်တော့ အပြည့်အဝမကျင့်နိုင်ကြဘူး။ ဒါပေမယ့် ဖောက်ဖျက်ကြသလား ဆိုပြန်တော့လည်း မဖောက်ဖျက်ကြ၊ မကျူးလွန်ကြ၊ သူတို့က ဝါရိတ္တသီလ၊ စာရိတ္တသီလ တို့ကိုတော့ အလေးအနက်ထားတယ်။

မသတ်ဘူး၊

မခိုးဘူး၊ မဝှက်ဘူး၊ မလုယက်ဘူး။

အရက်သေစာ မသောက်စားပါဘူး။

မုသားမပြော။

သူများသားမယားကို မပြစ်မှား။

ဝေနေယျာအများအပေါ် မေတ္တာထားပါတယ်။ ဒီလူတွေဟာ ကံကောင်းတတ်ကြတယ်။ ဘဝမှာဆိုးဆိုးရွားရွားပြင်းပြင်းထန်ထန်လိမ့်လဲသွားအောင်မကြုံကြရပါ။သင့်တင့်မျှတစွာ၊အေးချမ်းသာယာစွာနေရတယ်။

တတိယလူစု။

ကံဆိုးသူတွေ။

လူပေ၊ လူတေ၊ လူပွေ။ လောကကြီးမှာ ပျော်သလိုနေမယ်။ သူ့တို့မှာ ဘုရားမသိ၊ တရားမရှိ၊ သံဃာမရှိ။ သူထင်ရာ သူလုပ်တယ်။ သူ့စိတ်နဲ့ တွေ့ရင်ကောင်းတယ်။ သူမထင်ရင် မထင်သလိုပြုမူတယ်။ မှုမရှိဘူး၊ တရားဓမ္မဆိုတာ ကျင့်သုံးလိုက်နာစရာလို့ နားမလည်ဘူး။ ဓမ္မနဲ့ကြာလေ ဝေးတော့ အဓမ္မသမားတွေဖြစ်လာတယ်။ ခက်ထန်လာတယ်၊ ကြမ်းတမ်းလာတယ်၊ ရက်စက်ဖို့လည်းဝန်မလေး။ တွေးကြည့်ရင်တော့ ကြက်ဟင်းခါးသီးကိုစိုက်ခဲ့ကြလို့ သူတို့ဘဝ အခါးသီးတွေ စားနေကြရတာ။ ဘဝရဲ့ ခါးသီးကြမ်းရှမှုတွေကြောင့် သူတို့က ပိုမိုယုတ်မာပက်စက်လာကြပြန်ပါရော။ တရားဓမ္မ လမ်းမှန်ပြမယ့် သူနဲ့မနီးသမျှဒီလူစားတွေရဲ့ဘဝဟာ ရေဝေးကြာလို နွမ်းသွေ့ကြရရှာမှာပဲ။ ကြက်ဟင်းခါးပင်စိုက်ပြီး စပျစ်သီးစားချင်လို့တော့ဘယ်ရမှာလဲ။ မိမိစိုက်တာနဲ့အညီ ဘယ်သူမဆို ကိုယ်စိုက်ပျိုးတဲ့အသီးကိုသာ ဆွတ်ခူးကြရစမြဲ မဟုတ်ပါလား။ လူဖြစ်လာရ လူ့ဘဝ၊ ကံအဆိုးဆုံးပေတာတုံးတဲ့ လူသားတွေ ရှိပေသေးတယ်။ မနုဿတ္တဘာဝေါ ဒုလ္လဘော ဆိုတဲ့ စကားရှိတယ်။ လူ့ဘဝဟာ ရခဲတယ်။ လူအဖြစ်ဟာရဖို့ရာ တော်တော်ခဲယဉ်းတယ်။ လူဖြစ်လာရင် လူ့လောက ကောင်းကျိုးကိုတော့ ပြုသင့်တာပေ့ါ။ အဲဒါ ကုသိုလ်ခေါ်တယ်။ ကောင်းမှုလေ။

မပြုချင်လည်းနေ။

ဖျက်ဆီးရင်တော့ အကုသိုလ်ဆိုက်ပြီ။

လောကကောင်းကျိုးကို အလုံးစုံပျက်သုဉ်းသွားအောင် ချေမှုန်းတိုက်ဖျက်ပစ်မယ် ကြိုးဝါးပြီး လုံးလုံးကြီးမှားပြီဆိုရင်တော့ လူဖြစ်လာတဲ့ အတိတ်ကံကို မိမိကိုယ်တိုင် အမြစ်ကိုတူးဖြိုပြီး မိုက်မဲတာနဲ့ အတူတူပါပဲ။ လွဲသွားပြီ။ ပင်စည်လဲတော့မည်။ အကိုင်းအခက်တွေ ထင်းဖြစ်ရတော့မည်။

အရင်းလဲရင် အဖျားထင်းဖြစ်ဆိုတဲ့ စကားပုံ ဆိုရိုးစကားဟာ ဒီလိုလူစားတွေအတွက် ထားခဲ့တာ။ ကိုယ်ခိုနားတဲ့ အရိပ်ရဲ့ အခက်ကို ချိုးပြီဆိုမှတော့ နေထိုးပြီပေ့ါ။ အရိပ်အကိုင်းကိုခုတ်ချင်တာကိုး။ ဘဝဟာ ပူလောင်ရမှာပဲ။

မိုက်မဲမှုရဲ့ ဒဏ်ကို ဘယ်သူမပြု မိမိမှုခံစားရပေလိမ့်မည်။ လောကရှိလူသားတိုင်းမှာ ပြုကျင့်အပ်တဲ့ဝတ္တရားနှစ်ရပ်ရှိပါတယ်-

ဗဟုဇနဟိတာယ၊ လူအများကောင်းကျိုးကိုဆောင်ရန်။

ဗဟုဇနသုခါယ၊လူအများရဲ့ချမ်းသာရေးကို ဆောင်ကြဉ်းပေးရန်။

လူသားတိုင်း လူသားတိုင်းဟာ မိမိတည်မှီနေရတဲ့ လောကလူသားအများကို တုံ့ပြန်ကျေးဇူးတင်တတ်ဖို့ လိုပါတယ်။ ကျေးဇူးတရားသိတတ်ဖို့လိုပါတယ်။ ကျေးဇူးကိုဆပ်နိုင်ရင် လူတော်ပေ့ါ၊ ကြိုဆိုရမှာပေ့ါ။

သို့သော်-

အများရဲ့ကျေးဇူးကို မသိဘူးလား၊ ရပါတယ်။

မထုတ်ဖော်ချင်ဘူးလား၊ ရှိပါစေလေ။

ကျေးဇူးကို မဆပ်ချင်ဘူးလား၊ နေပါစေလေ။

ကျေးဇူးကန်းချင်တယ်၊ ဟာ-လွဲနေပြီ။

ကျေးကွင်း စွပ်နေပြီ၊ အို-ယုတ်မာလေစွ။

လောကကြီးဟာအမှန်တရားတွေကြောင့် ဖွံ့ဖြိုးတိုးတက်စည်ပင်လာခဲ့တာ။

လူသားတချို့ရဲ့ မိုက်မှားရိုင်းစိုင်းမှုကြောင့် ကမ္ဘာ့စစ်ကြီးတွေ၊ ဒေသန္တရစစ်တွေ သွေးပင်လယ်ဝေအောင် ဖြစ်ခဲ့ကြပြီ၊ ဖြစ်နေကြဆဲ။ လူတချို့ရဲ့ တစ်ကိုယ်ကောင်းအတ္တဆန္ဒ ကြီးမားပြင်းထန်မှုကြောင့် ဘာမဆိုအရာရာကို အကောင်းတစ်ခုမှမမြင်၊ လုံးဝဥဿုံ ပျက်သုဉ်းရေးသို့သာ နှစ်ပေါင်းများစွာ ခေါင်းမာမာနဲ့ မိုက်မဲနေတာမျိုးတွေလည်းရှိတတ်တာပါပဲ။ အမြင်မှန်ရလာရင်ပျော့ပျောင်းစွာ ပြောင်းလဲသွားမှာပါ။ အမြင်မှန်ရကြပါစေ။

**ယံကမ္မံကရိဿာမိ**

**ကလျာဏံ ဝါ ပါပကံ ဝါ**

**တဿဒါယဒေါ**

**ဘဝိဿာမိဘိ။**

အကြင်၊ ကောင်းသော ကံကိုပြုပါက ကောင်းကျိုးရ၏။ မကောင်းသောကံကို ပြုပါက မကောင်းကျိုးရ၏လို့ ဘုရားရှင်က အဘိဏှသုတ္တန်မှာ ဟောကြားတော်မူတယ်။ ကောင်းကျိုးပြုမှ ကောင်းကျိုးရပေမယ်။

**အများကောင်းကျိုးကို အများနဲ့အတူ စုပေါင်းပါဝင်ပြီး ညီညီညာညာ ညီညီညွတ်ညွတ် လက်တွဲကြရမည့် အချိန်အခါပါ။ နိုင်ငံတကာအခြေအနေတွေကိုကြည့်ရင် အကောင်းအဆိုး၊ အကြောင်းအကျိုးတွေ မြင်ရပါမယ်။ ကောင်းတဲ့ အပြုအမူတွေကိုလုပ်မှ ကောင်းကျိုးမုချရမယ်။ မကောင်းတဲ့ အကုသိုလ် ဒုစရိုက်တရားတွေကို စွန့်ပယ်ဖယ်ရှားရပါမယ်။ အချိန်တန်ပြီ။**

လောဘမလွန်ကဲစေနဲ့။ ဒေါသကိုထိန်းပါ။ အဝိဇ္ဇာ မောဟကို ဝိဇ္ဇာဖြစ်အောင် တရားဓမ္မနဲ့ နီးစပ်ဖို့ရာ ကြိုးစားပါ။ ကံဆိုးသူဟာ ကံကောင်းသူဖြစ်လာမယ်။ ကံကောင်းသူဟာ ကံအကောင်းဆုံးလူဖြစ်လာမယ်။ ကံတရားကို လူကပြုပြင်လို့ရတယ်။ ကံကိုလူကစီမံတာပါ။ ကံကလူကို ဖန်တီးစီမံတာက မိမိရဲ့စေတနာအရ တုံ့ပြန်ရရှိတာ ပြောခြင်းပါ။ စေတနာကောင်းရင် ကံကောင်းတယ်။ စေတနာမှန်ရင် ကံမြင့်မယ်။ စေတနာချမ်းသာမှ ကံချမ်းသာပါလိမ့်မယ်။ လောကမှာ လူလေးစားရှိကြတယ်။ သင်က ဘယ်လိုလူမျိုးလဲ။ ။

**အများကောင်းကျိုးကို အများနဲ့အတူ စုပေါင်းပါဝင်ပြီး ညီညီညာညာ ညီညီညွတ်ညွတ် လက်တွဲကြရမည့် အချိန်အခါပါ။ နိုင်ငံတကာအခြေအနေတွေကိုကြည့်ရင် အကောင်းအဆိုး၊ အကြောင်းအကျိုးတွေ မြင်ရပါမယ်။ ကောင်းတဲ့အပြုအမူတွေကိုလုပ်မှ ကောင်းကျိုးမုချရမယ်။ မကောင်းတဲ့ အကုသိုလ်ဒုစရိုက်တရားတွေကို စွန့်ပယ်ဖယ်ရှားရပါမယ်။ အချိန်တန်ပြီ။**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂၁-၈-၂၀၀၈ ( ကြာသပတေးနေ့ )

**နံနက်ပိုင်း**

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၂၀ ၃။ အမျိုးသားရေး တေးကဗျာ
၄း၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၄း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၅း၂၀ ၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ အမျိုးသားရေး တေးကဗျာ
၆း၂၅ ၁၃။ **ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၂၃)**
၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပျော်ရွှင်ပါစေ အပိုင်း (၅၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသ သတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ကုန်သွယ်သုတ
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်ခြင်းရဲ့ နောက်ကွယ် အပိုင်း (၁၅)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

# မကွေးတိုင်း ကံမ၊ မင်းတုန်း၊ မင်းလှနှင့် ငဖဲမြို့နယ်တို့၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား

နေပြည်တော် ဩဂုတ် ၂၀

**မကွေးတိုင်း ကံမမြို့နယ်၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ဩဂုတ် ၁၇ရက် နံနက်၇နာရီခွဲတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မဒေးရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၂) ညွှန်ကြားရေးမှူး (အကြီးပေး)ဦးအေးသိန်းက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က မိုးရာသီကာလတွင်ဆည်ရေကိုစနစ်တကျထိန်းသိမ်း၍ နွေကာလ၌ ဆည်ရေသောက်ဧရိယာများကို ရေအပြည့်အဝပေးစိုက်ပျိုးနိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး ဆည်ရေ သိုလှောင်ထားရှိမှု၊ ကျန်ရှိနေသေးသော ရေပိုလွှဲလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှု၊ မဒေးရေလှောင်တမံမှတစ်ဆင့် အထက်မီးပေါက်ကျေးရွာ မီးလင်းရေးအတွက် ငါးကီလိုဝပ်ရှိ ရေအားလျှပ်စစ် ထုတ်ယူနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် မဒေးရေလှောင်တမံ စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

မဒေးရေလှောင်တမံသည် မကွေးတိုင်း ကံမမြို့နယ် ပုသိမ်-မုံရွာ ကားလမ်းမကြီးအနောက်ဘက် ၃ဒသမ ၅ မိုင်အကွာရှိ ကြို့ပင်ရွာအနီး၌ တည်ဆောက်ထားပြီး ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ဖွင့်လှစ်ခဲ့သည်။

တမံအမြင့် ၁၅၅ ပေ၊ ပင်မတမံအလျားပေ ၁၉၂၀၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၅၄၀၀၀ ရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး အကျိုးပြုဧက ၄၀၀၀ ဖြစ်သည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ကံမမြို့နယ် မီသာကျေးရွာအုပ်စုရှိ တောင်သူ ဦးဖိုးထောင်၏ ကွင်းအမှတ် (၈၉၃)၌ မနော်သုခမျိုးစပါးများအား မြေသြဇာ ကြဲပက်နေမှုတို့ကို ကြည့်ရှုအားပေးပြီးစက်ယန္တရားကြီးများဖြင့် မဒေးရေလှောင်တမံ တူးမြောင်းမကြီး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် မင်းတုန်းမြို့နယ် မဲဇလီကျေးရွာရှိ တောင်သူဦးအုန်းမောင်၏ ကွင်းအမှတ်(၃၅၂)၌ မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး လမ်းဘေးဝဲ၊ ယာရှိ မြေလွတ် မြေရိုင်းများ၌ လယ်မြေများ ဖော်ထုတ်၍ စိုက်ပျိုးကြရေး၊ ခြံစည်းရိုးကြက်ဆူပင်များကို တောင်သူများကိုယ်တိုင် တစ်အုပ်တစ်မစိုက်ပျိုးကြပြီး လယ်ယာသုံးစက်ကိရိယာများနှင့် ကျေးရွာသုံးမီးစက်များတွင်ဇီဝလောင်စာဆီအဖြစ် အသုံးပြုကြရေး၊ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့်ဗိုလ်ချုပ်ခင်ဇော်သည် မင်းတုန်းမြို့ရှိတံတားဆည်သို့ ရောက်ရှိပြီး ဆည်ရေသိုလှောင်ထားရှိမှု၊ ပြုပြင်ထိန်းသိမ်းထားရှိမှုနှင့် ဆည်ရေသောက်ဧရိယာကို ကြည့်ရှုစစ်ဆေးသည်။

တံတားဆည်သည်အလျားပေ၅၃၀၊ အမြင့် ၃၃ ဒသမ ၅ ပေရှိ မြေသားတမံ အမျိုးအစားဖြစ်ပြီး အကျိုးပြုဧရိယာမှာ ၄၁၄ ဧကဖြစ်သည်။

ယင်းနောက်ဗိုလ်ချုပ်ခင်ဇော်သည် အဖွဲ့ဝင်များလိုက်ပါလျက် မင်းတုန်းမြို့ မင်းတုန်းခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံသည်။

ရှေးဦးစွာမင်းတုန်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက မြို့နယ်ဆိုင်ရာအချက်အလက်များ နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သရက်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ကဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်ခင်ဇော်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း စီမံဆောင်ရွက်ပေးပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ကျေးလက်နှင့်မြို့ပြ ဆူကြံနိမ့်မြင့် ကွာဟမှုမရှိစေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် စီမံဆောင်ရွက်ပေးလျက်ရှိရာ မင်းတုန်းမြို့သည်လည်း ပုသိမ်-မုံရွာ လမ်းမကြီးကို အမှီပြု၍ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့လာပြီ ဖြစ်ကြောင်း ၊ ရေမြေသယံဇာတ၊ ရာသီဥတုလည်း သင့်တင့်ကောင်းမွန်၍ စိုက်ပျိုးရေးလုပ်ငန်းများကို ပိုမိုကြိုးပမ်းလုပ်ကိုင်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းသာယာရေးအတွက်လည်း ဒေသခံများကိုယ်တိုင် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဌာနဆိုင်ရာများကလည်း ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကူညီ ကြိုးပမ်းကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ခင်ဇော်သည် မင်းတုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အမျိုးသမီးလူနာဆောင်၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသား လူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လူနာများအား အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည်မင်းတုန်းမြို့ရှိလမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၃) ပုသိမ်-မုံရွာလမ်းစီမံကိန်း (မြောက်ပိုင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ စီမံကိန်း လက်ထောက်အင်ဂျင်နီယာ ဦးအောင်မျိုးဦးက မကွေးတိုင်းအပိုင်းရှိ ဥသျှစ်ပင်-မင်းတုန်း-ပဒါန်း-ကဇွန်းမအပိုင်း စုစုပေါင်း (၁၆၆/၂) မိုင်အတွင်း လမ်းအထူးပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည်မင်းတုန်းမြို့ ပြောင်းပြာကျေးရွာအုပ်စုရှိ ငလှိုင်စန်းကွင်း၌ မနော်သုခမျိုးစပါးများ စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ မင်းလှမြို့နယ် ကန်တုတ်ကျေးရွာ၌ ယုဇနကုမ္ပဏီလီမိတက်က ဆောင်ရွက်လျက်ရှိသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး စီမံကိန်းသို့ရောက်ရှိပြီး ခြံစည်းရိုး ကြက်ဆူပင် ဧက ၂၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ငဖဲမြို့နယ် ပန်းထိန်းမြို့ဟောင်းကျေးရွာရှိ ၁၀ဒသမ၃၉ ဧက၌ ဒေသခံတောင်သူများ၏ မိုးစပါး စုပေါင်းထွန်ယက်စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကောက်ကွက် ပြည့်မီရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ယင်းမှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်သည် ငဖဲမြို့နယ်၏ ဒေသဖွံ့ဖြိုးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ငဖဲမြို့နယ် ပြည်သူ့ဆေးရုံရှိ ခွဲစိတ်ခန်း၊ အမျိုးသမီးလူနာဆောင်၊ ဓာတ်မှန်ခန်း၊ အမျိုးသား လူနာဆောင်၊ ဆေးသိုလှောင်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအားအားပေးစကားပြောကြားပြီးထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံ-ကြီးဝရေလှောင်တမံ စီမံကိန်းသို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

# ရေးမြို့နယ် ကလော့ကြီးကျေးရွာ စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဩဂုတ် ၂၀**

မွန်ပြည်နယ် ရေးမြို့နယ် ကလော့ကြီးကျေးရွာ၌ စပါးပိုမိုထွက်ရှိရေးနှင့် ငါးကဏ္ဍတိုးတက်ရေးတို့ကို မျှော်မှန်း၍ ငါးလုပ်ငန်းဦးစီးဌာနက စပါးစိုက်ခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်သည့် အခမ်းအနားကို ဩဂုတ် ၁၅ ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော်၊ အဖွဲ့ဝင် ဒုရဲမှူးသန်းဦး၊ အတွင်းရေးမှူး ဦးရှိန်လင်းနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဝင်းကြည်တို့က စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ရန်အတွက် ကလော့ကြီးကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် အမျိုးသမီးရေးရာအဖွဲ့၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့များအား ငါးမျိုးများ ပေးအပ်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာတောင်သူ လယ်သမားများသည် လယ်ဧက ၁၀၀အတွင်းသို့ ငါးသားပေါက်ကောင်ရေ ၅၀၀၀၀နှင့် ကျိုးများ၊ အင်းကောများအတွင်းသို့ ငါးသားပေါက် ကောင်ရေ ၁၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၅၀၀၀၀ အား မျိုးစိုက်ထည့်ပေးကြကြောင်းသိရသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

# ဓမ္မကထိကဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်မြို့လုံးဆိုင်ရာ ပရိယတ္တိသာသနာ့နုဂ္ဂဟ ရန်ကုန်ဆန်လှူ အသင်းကြီး၏ (၈၂)ကြိမ်မြောက် အကျိုးတော်ဆောင် ဓမ္မကထိကဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် အလှူငွေကျပ် လေးသောင်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၂၄ရက်(တနင်္ဂနွေနေ့)နံနက် ၉ နာရီခွဲတွင် အသင်းတိုက်တည်ရာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်း အမှတ်(၈၉)၌ ကျင်းပမည်ဖြစ်သည်။

အသင်းသား၊ အသင်းသူ အလှူရှင်များ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အဆိုပါအခမ်းအနားသို့ တက်ရောက်ကြရန် အမှုဆောင်အဖွဲ့မှ နှိုးဆော်ထားကြောင်းသတင်းရရှိသည်။ (ကြေးမုံ)

**ကမာရွတ်မြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၁၈ ရက်က ကျင်းပရာ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရရှိသော မကြည်ပြာမြင့်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးဆုချီးမြှင့်စဉ်။** (ကြေးမုံ)

## ❖ ရှေ့ဖုံးမှ

နေရာချထားပေးမှု၊ ရွာတွင်းလမ်းများ ဖောက်လုပ်ပေးထားမှု အခြေအနေ၊ ကျေးရွာဆေးခန်းအတွင်း ကျန်းမာရေးစောင့်ရှောက်ပေးမှု အခြေအနေနှင့် ကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျေးရွာကြက်ခြေနီ တပ်ဖွဲ့ဝင်များအား တွေ့ဆုံအားပေးပြီး ကြက်ခြေနီအသင်းသည် လူမှုရေး အသင်းဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အင်တိုက် အားတိုက် ပါဝင်ကူညီဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိမ်ရာများတွင် နေထိုင် လျက်ရှိသည့် အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး နေအိမ်ဝင်းအတွင်း သစ်ပင်များ စိုက်ပျိုးကြရန်၊ စိုက်ပျိုးပြီးသီးနှံပင်များ ရှင်သန်ဖြစ်ထွန်းရေး ဆောင်ရွက်ကြရန်၊ မိမိတို့၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို ယခင်ကထက် ပိုမိုကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘိုကလေး မြို့နယ် စက်ဆန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့ သွား ရောက်၍ ယာယီကျောင်းဆောင်များ၌ ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများအားတွေ့ဆုံ၍ ကျောင်းသားဦးရေနှင့် သင်ကြား၊ စီမံကိစ္စရပ် များကို မေးမြန်းသည်။

ဆက်လက်၍ စက်ဆန်းကျေးရွာတွင် ပုံမှန်ဈေးရောင်းဈေးဝယ်များ ဖြင့် စည်ပင်နေမှု၊ တယ်လီဖုန်းဆက်သွယ်ရေးစနစ် စီမံဆောင်ရွက် ပေးထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘိုကလေး မြို့နယ် ကဒုံကနိကျေးရွာအုပ်စု ရွှေစာရံကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအခြေခံပညာ မူလတန်းကျောင်း၏ ယာယီစာသင်ဆောင်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ ကျေးရွာအတွင်း ဈေးဆိုင်ဖွင့်လှစ်ရောင်းချနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကဒုံကနိ ကျေးရွာအုပ်စု ကျွန်းသာယာကျေးရွာသစ်သို့ ရောက်ရှိကြရာဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများက ကြိုဆိုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျွန်း သာယာကျေးရွာသစ်အတွက် CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက လှူဒါန်းပြီး ဒဂုန်အင်တာနေရှင်နယ်လီမိတက်က တာဝန်ယူတည်ဆောက် သည့် အိမ်ရာများ ဆောက်လုပ်ပြီးစီးမှု၊ အိုးအိမ်မဲ့ လေဘေးသင့်ပြည်သူ များအား စနစ်တကျနေရာချထားပေးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အိုးအိမ်မဲ့ လေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ယခင်ကထက် ဆတက်ထမ်းပိုး တိုး၍ ကြိုးစားလုပ်ကိုင်ဆောင်ရွက်ရေး၊ ကျေးရွာသန့်ရှင်းသာယာ လှပ စေရေးအတွက် အရိပ်ရပင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးရေး၊ အိမ်ဝင်း အတွင်း စိုက်ပျိုးထားသည့် သီးနှံပင်များ ရှင်သန်ဖြစ်ထွန်းရေး ဆောင်ရွက် ကြရန် မှာကြားသည်။

ဆက်လက်၍ ကျေးရွာအတွင်း ဖွင့်လှစ်ထားရှိသည့် ကျန်းမာရေး ဝန်ကြီးဌာန ကျန်းမာရေးဆပ်ကော်မတီ၏ ဆေးခန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျေးရွာစာကြည့်တိုက်တို့ကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆောက်လုပ်ပြီးစီးသွား သည့် အခြေခံပညာမူလတန်းလွန်ကျောင်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မွန်းတည့် ၁၂ နာရီတွင် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်အား ဘိုကလေးမြို့ ကွပ်ကဲရေးရုံး၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး က မိုးစပါးများ စိုက်ပျိုးပြီးစီးမှုနှင့် မျိုးစပါးများ ဖြန့်ဝေပေးမှု၊ ရေငန်တား တမံများ ပြုပြင်ဆောင်ရွက်ပြီးစီးမှုတို့ကို လည်းကောင်း၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ရေလုပ်သားများအတွက် ငါးဖမ်းစက်လှေနှင့် ငါးဖမ်းကိရိယာများ ဖြန့်ဝေပေးမှု အခြေအနေကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဧရာဝတီတိုင်းအတွင်းရှိ လမ်းများ၏ အခြေ အနေနှင့် ပြုပြင်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ်က လေဘေးသင့်ဒေသများ၏ ပြန်လည်ထူထောင် တည်ဆောက်ရေးလုပ်ငန်း များကို ဆောင်ရွက်ပေးမှုနှင့်အတူ နယ်မြေဒေသအသီးသီးရှိ လမ်းများ အစဉ်ကောင်းမွန်စေရေးကိုပါ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေး ရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဘိုကလေး မြို့မှ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိကြသည်။

(သတင်းစဉ်)

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာအုပ်စု ရွှေစာရံကျေးရွာ အခြေခံပညာမူလတန်းကျောင်း ယာယီစာသင်ဆောင်အတွင်း ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားနေမှုကို ကြည့်ရှု စစ်ဆေးစဉ်။** (သတင်းစဉ်)

**အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟို ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာတွင် ဈေးဆိုင်ဖွင့်လှစ် ရောင်းချနေမှုကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၈-၂၀၀၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ **မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်**
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ ချစ်စရာအရွယ် ကကြိုးသွယ်
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ **"ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ" (ဆုပန်ထွာ၊ ပွင့်၊ ဂွမ်းပုံကြီး) (ဒါရိုက်တာ-ကြည်စိုးထွန်း)**
၈း၁၅ ၇။ တေးဂီတအစီအစဉ်
၈း၃၀ ၈။ International News.
၈း၄၅ ၉။ အဆိုပြိုင်ပွဲ
၈း၅၀ ၁၀။ ဆိပ်ကျွန်း ရေထိန်းတံခါး
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ အတီးပြိုင်ပွဲ
၄း၂၀ ၃။ အကပဒေသာ
၄း၃၀ ၄။ တေးဂီတအစီအစဉ်
၄း၄၀ ၅။ နိုင်ငံ့စီးပွား အလေးထား ကျေးလက်ထုတ်ကုန်များ
၄း၅၀ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၅း၀၀ ၇။ **"ကျွမ်းတိုင်း မကြမ်းနဲ့" (လျှမ်းထက်၊ သတ္တိ၊ ဖြိုးမောင်မောင်၊ သဇင်၊ နန်းဆုရတီစိုး၊ စုချစ်ဇော်) (ဒါရိုက်တာ-ဇော်လူထက်)**
၅း၁၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀ ၉။ အကပြိုင်ပွဲ
၅း၃၀ ၁၀။ တေးဂီတအစီအစဉ်
၅း၄၅ ၁၁။ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၀၀ ၁၂။ ညနေခင်းသတင်း
၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ
၆း၃၅ ၁၄။ ရွှေမျက်ပါး(ခေါ်) ရွှေဆိုင်းလုပ်ငန်း
၆း၅၀ ၁၅။ တေးဂီတအစီအစဉ်
၇း၀၀ ၁၆။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၁)**
၈း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၂၁)**
၂၁။ အစီအစဉ်ပြီး၏။

## အခြေခံစာကြည့်တိုက်ပညာ သင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၂၀**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း စီစဉ်ဖွင့်လှစ်သည့် အခြေခံစာကြည့် တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲ ကို ဇူလိုင် ၃၁ ရက်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမ၌ ကျင်းပရာ သင်တန်းသို့ စစ်ကိုင်းမြို့နယ်အတွင်း ရှိ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌ စာကြည့်တိုက် မှူးတာဝန် ထမ်းဆောင်ကြမည့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စာရေး ၇၃ ဦး တို့ တက်ရောက်ခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## လှေကျင့်ရေးအလယ်တန်းကျောင်း အလက(၁)ရန်ကင်း ပထမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

လှေကျင့်ရေးအလယ်တန်းကျောင်း (ယခင် အလက-၁၊ ရန်ကင်း)၌ ၁၉၅၄ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၈ခုနှစ် နိုဝင်ဘာ ၁၂ရက် (တနင်္ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဆရာမ ဒေါ်ခင်စန်းမြင့် (ကျောင်း)ဖုန်း-၅၆၁၅၆၅၊ (အိမ်)ဖုန်း-၅၅၅၁၈၀၊လိုင်းခွဲ-၂၆၁၊ ကိုပြည့်ဖြိုးဝေ ဖုန်း-၀၉၅၁၆၉၆၉၁၊ ကိုမောင်မောင်ဝေ ဖုန်း-၀၉၅၁၀၆၈၄၀၊ ကိုရန်နိုင်မိုးလွင် ဖုန်း-၅၇၃၅၀၅ လိုင်းခွဲ-၁၉၈၊ ကိုကျော်ကျော်လွင် ဖုန်း-၀၉၅၁၆၉၅၇၅၊ ကိုတိုးဝင်းမြင့် ဖုန်း-၀၉၂၂၀၁၄၈၈၊ ကိုဇော်မိုးဝေ ဖုန်း-၀၉၅၁၀၉၁၆၉၊ ကိုမိုးကျော်အောင် ဖုန်း-၀၉၅၁၉၆၅၈၁၊ ကိုအေးအောင် ဖုန်း-၅၆၆၆၃၆၊ ကိုထွန်းထွန်းခိုင် (ကြက်ပေါင်) ဖုန်း-၅၄၀၁၀၃၊ မနေနွယ်မြင့် ဖုန်း-၀၉၅၁၆၃၂၉၇၊ ကိုကျော်ဗျင်စိုး ဖုန်း-၅၆၅၃၀၁၊ မမျိုးပပဦး ဖုန်း-၅၅၀၇၁၂၊ မနွေးနွေးအောင် ဖုန်း-၀၉၅၁၁၈၀၉၄၊ မခြူးသက်နွယ် ဖုန်း-၀၉၅၁၁၈၀၉၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

ထို့ပြင် အပတ်စဉ်တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီအထိကျင်းပသော အစည်းအဝေးသို့ လာရောက်၍လည်း သိလိုသမျှကို စုံစမ်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## မင်္ဂလာဈေးဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိဿရ၏ ဝါတွင်းတရားပွဲကို ဩဂုတ်၂၃ ရက်(စနေနေ့) ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ မည်သူမဆို တရားနာကြွရောက်နိုင်ကြောင်း သိရှိရသည်။ (၅၄၂)

## ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်မည်

ရန်ကုန် ဩဂုတ် ၂၀

၁၃၇၀ ပြည့်နှစ် ဝါခေါင်လပြည့်ကျော် ၈ရက် ဩဂုတ် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် မွန်ပရိယတ္တိကျောင်း ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသရက ဥပုသ်သီလပေး တရားတော်များကို လည်းကောင်း၊ မွန်းလွဲ ၁၂နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင်ကျောင်း ပဓာန နာယက အဖျောက်ဆရာတော် ဘဒ္ဒန္တဇနကနှင့် ညနေ ၃ နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် မွန်ပြည်နယ် သထုံမြို့နယ် လယ်ဝန်ကျောင်း ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီရိန္ဒတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို လည်းကောင်း ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူကြမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နယ်မြေခံတပ်ဖွဲ့က စိုက်ပျိုးထားရှိသော တစ်ဆက်တစ်စပ်တည်း ဧက ၃၀ စံပြအထွက်တိုးစပါးစိုက်ခင်းကို ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၀

**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ပျဉ်းမနား နယ်မြေခံတပ်ဖွဲ့၌ စိုက်ပျိုးထားရှိသော တစ်ဆက်တစ်စပ်တည်း ဧက ၃၀ စံပြအထွက်တိုးစပါးစိုက်ခင်း ပျိုးထောင်စိုက်ပျိုးနေမှုနှင့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသော စပါးစိုက်ကွင်းများသို့သွားရောက်၍ စိုက်သက်တမ်း ၂၃ရက်ရှိပြီး ပျိုးစိုက်ခင်းအတွင်းမှ စပါးပင်ပွား ငါးပင်ရရှိနေမှုကို လည်းကောင်း၊ ပျိုးပင်များကို ကောက်စိုက်သမများက သိပ္ပံနည်းကျ ၁၀တန်း တစ်တန်းလှပ် ခြောက်လက်မခြားစနစ်ဖြင့် တစ်ဧကလျှင် စပါးပင် ၁၅၀၀၀၀မှ ၁၆၀၀၀၀အထိ ဝင်ဆံ့အောင် စိုက်ပျိုးနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးသည်။**

ထို့နောက် တိုင်းမှူးအား စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး ကျော်မျိုးဝင်းက စိုက်ပျိုးနည်းစနစ်များကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းမှူးက စပါးသည် နိုင်ငံတော်၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့်အတွက် အထွက်နှုန်းတိုးအောင် စိုက်ပျိုးကြစေလိုကြောင်း၊ အထွက်နှုန်းတိုးအောင် စိုက်ပျိုးရာတွင် အထွက်နှုန်းကောင်းသည့်မျိုးများ၊ စိုက်ပျိုးရေးနည်းပညာနှင့် သွင်းအားစုများကို စနစ်တကျ ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ဖြန့်ဖြူးပေးလျက်ရှိသည့် မြေသြဇာများကို စပါးစိုက်ပျိုးရေးတွင် အမှန်တကယ်အသုံးပြုရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် ခေတ်မီကောက်စိုက်ကိရိယာ နှစ်စီးဖြင့် လက်တွေ့စိုက်ပျိုးပြသနေမှုကို ကြည့်ရှုအားပေးရာ စိုက်ကွင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးကျော်မျိုးဝင်းက ပျိုးသက် ၁၄ ရက်သားအရွယ် အမြင့် ခုနစ်လက်မမှ ရှစ်လက်မပျိုးပင်များကို ကောက်စိုက်ကိရိယာအတွင်း ထည့်သွင်း စိုက်ပျိုးနေမှုအခြေအနေနှင့် လူတစ်ဦးတည်းက ကောက်စိုက်ကိရိယာကို တစ်ရက် ငါးဧကနှုန်းပြီးစီးအောင် စိုက်ပျိုးနိုင်ကြောင်း၊ စက်သုံးဆီ စားနှုန်းသည်လည်း တစ်ရက်လျှင် တစ်ဂါလန်ခန့်သာကုန်ကျသဖြင့် တောင်သူတိုင်း အသုံးပြုသင့်သည့် ကောက်စိုက်ကိရိယာဖြစ်ကြောင်းဖြင့် ရှင်းလင်း တင်ပြသည်။

ယင်းနောက်တိုင်းမှူးက စိုက်ပျိုးရေးကဏ္ဍတွင် စက်ပစ္စည်း ကိရိယာများကို အသုံးပြုခြင်းသည် အချိန်ကုန်သက်သာခြင်း၊ လူအင်အားချွေတာနိုင်ခြင်း၊ အလေအလွင့်နည်းပါးခြင်း၊ နည်းစနစ်ကျနခြင်းစသည်ဖြင့် အကျိုးကျေးဇူးများစွာရှိကြောင်း၊ ထို့ကြောင့် လက်တွေ့စိုက်ပျိုးသည့် တောင်သူတိုင်း စိုက်ပျိုးရေးစက်ကိရိယာများ၏ အားသာချက်များကို သိရှိအောင် တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အမေ့အတွက်လက်ဆောင် စာအုပ်ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)ရေးသားသည့် "အမေ့အတွက်လက်ဆောင်" စာအုပ် ထွက်ရှိလာသည်။ **(အပေါ်ပုံ)**

အဆိုပါ စာအုပ်တွင် စာရေးသူက "မိဘကျေးဇူးဆပ်ပုံ၊ အချစ်ရဆုံး အမြတ်နိုးဆုံး ကျေးဇူးရှင် မွေးမိခင်အား အလုပ်အကျွေးပြုပုံ၊ မိဘမေတ္တာကို ဖော်ညွှန်းထားပြီး အဝေးရောက်သားများ ချစ်လှစွာသော အမေအတွက် ရိုသေမြတ်နိုး ဦးထိပ်ပန်ဆင် ပူဇော်ကန်တော့သင့်သော လက်ဆောင်မွန်ဖြစ်ကြောင်း" ဖော်ပြထားပြီး ဆောင်းပါး (၄၂)ပုဒ်ဖြင့် စုစည်းဖော်ပြထားသည်။နိုင်စာပေ၊ အမှတ်-၂၂၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၂၅၄၂၇၀ နှင့် ၀၉၅၀-၃၄၅၀၇က ဖြန့်ချိ၍ တန်ဖိုးငွေကျပ် ၁၈၀၀ ဖြစ်သည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၀၈ (ကြာသပတေးနေ့)

**AM & PM**

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | **MRTV-4** အဖွင့် **Logo**၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "သေမင်းကိုရင်ဆိုင်ပြိုင်နိုင်မယ့်တရား"တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ) |
| ၇း၅၅ - ၁း၅၅ | နိဗ္ဗာန်ဆီသို့. . . အမေးအဖြေများ |
| ၈း၂၀ - ၂း၂၀ | တေးဂီတအစီအစဉ် |
| ၈း၂၅ - ၂း၂၅ | ပြည်တွင်းအနုပညာရေးရာ |
| ၈း၅၀ - ၂း၅၀ | Activities In The City [ဆော်ဒီအာရေဗျနိုင်ငံ ကွန်တိန်နာ(၁၀၁)စီးစာလှူဒါန်းပွဲ အခမ်းအနား] |
| ၉း၀၀ - ၃း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၁၀ - ၃း၁၀ | နုယဉ်ဆန်းထွင်ပန်းအလှဆင် ("S" ပုံသဏ္ဍာန် ပန်းအိုးထိုးနည်း) |
| ၉း၄၀ - ၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | ရည်စူးဖူးမြော် ကမ္ဘာ့ဝိပဿနာစေတီတော် |
| ၁၀း၂၅ - ၄း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀ - ၄း၃၀ | တေးဂီတအစီအစဉ် |
| ၁၀း၃၅ - ၄း၃၅ | ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မပုံ့နှင့်တွေ့ဆုံခြင်း) |
| ၁၁း၁၅ - ၅း၁၅ | ခြင်အန္တရာယ် |
| ၁၁း၂၀ - ၅း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၃၀ - ၅း၃၀ | အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏အဘိဓမ္မာ(၇)ကျမ်း အာဂမ+သဘာဝစာပြန်ပွဲ |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | **Diploma Guide** (ELECTRONIC ENGINEERING DIPLOMA အကြောင်းသိကောင်းစရာ) |
| ၁၁း၅၀ - ၅း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၅၅ - ၅း၅၅ | ဆီထွက်သီးနှံများထဲမှ "ဆီအုန်း" |
| ၁၂း၁၀ - ၆း၁၀ | တေးဂီတအစီအစဉ် |
| ၁၂း၁၅ - ၆း၁၅ | သဘာဝကပေးတဲ့အကျိုးအာနိသင် |
| ၁၂း၃၅ - ၆း၃၅ | လေ့လာမှတ်သားစရာ တိုင်းရင်းဆေးကုထုံးနည်းအဖြာဖြာ (အပ်စိုက်၊ကြပ်ထုပ်၊ပဥ္စကမ္မကုထုံး) |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | **MRTV-4** အဖွင့် **Logo** |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်**

| ညနေ | အကြောင်းအရာ | ပြသမည့်လိုင်း |
|---|---|---|
| ၃း၃၀ | Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ | **MRTV-4(Live)** |

## မြို့နယ်တိုင်းရင်းဆေးဆရာများအသင်းသို့အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၀

မြောက်ဥက္ကလာပမြို့နယ် တိုင်းရင်းဆေးဆရာများအသင်းသို့ အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၃ရက်က မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၌ ကျင်းပသည်။

အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် မေဓာဝီလမ်းမကြီးနေ မုံရွာဆရာမိုး-(ဒေါ်သိန်းမှီ)၊ သား ဗိုလ်ကြီးကျော်ကိုကိုရှိန်း - သမီး မမိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုးရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု)တို့က မြို့နယ်တိုင်းရင်းဆေးဆရာများ အသင်း ရန်ပုံငွေအတွက် အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဆရာကြီးဦးကျော်မြင့်(ကျော်လူ-တိုင်းရင်းဆေး၊ စစတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်း)၊ ဘဏ္ဍာရေးမှူး ဆရာကြီးဦးမြင့်ဝေ (ကျမ်းပြုစာရေးဆရာ-ဆရာမြင့်၊ စကြာမင်း တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း) နှင့် အဖွဲ့ဝင်ဆရာကြီး ဦးအုန်းလှိုင် (စိန်ငါးလုံး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း) တို့က လက်ခံရယူပြီး **(ဝဲပုံ)** အလှူရှင်များသို့ မြို့နယ်တိုင်းရင်းဆေးဆရာများအသင်းကိုယ်စား ဘဏ္ဍာရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (၆၇)

✧ **ကျောဖုံးမှ**

ဦးညွန့်လင်း၊ အားကစားသမားများအဖြစ် ဂိုး-အောင်အောင်ဦး (ဘဏ္ဍာ/အခွန်)၊ ကျော်ဇင်ထက် (ကမ္ဘောဇ)၊ နောက်တန်း - မင်းသူ (စီးပွား/ကူးသန်း)၊ ဟန်ဝင်းအောင် (ကမ္ဘောဇ)၊မိုးဝင်း(စီးပွား/ကူးသန်း)၊ ဌေးအောင်(ကာကွယ်ရေး)၊အေးဆန်း (ကမ္ဘောဇ)၊သူရအောင်(ဘဏ္ဍာ/အခွန်)၊ ခင်မောင်လွင်(လယ်/ဆည်)၊အလယ်တန်း-အောင်ကျော်မိုး (ဘဏ္ဍာ/အခွန်)၊ ရာဇာဝင်းသိန်း (စီးပွား/ကူးသန်း)၊ ထွန်းထွန်းဝင်း (ဘဏ္ဍာ/အခွန်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ အောင်မျိုးသန့် (စီးပွား/ကူးသန်း)၊ စိုးသီဟအောင် (ဆောက်လုပ်ရေး)၊ မျိုးမင်းထွန်း(စီးပွား/ကူးသန်း)၊ပိုင်စိုး (ဘဏ္ဍာ/အခွန်)၊ရှေ့တန်း- စိုးမြတ်မင်း(ဘဏ္ဍာ/အခွန်)၊ရန်ပိုင်(ဘဏ္ဍာ/အခွန်)နှင့် စည်သူဝင်း(ပြည်ထဲရေး) တို့ ပါဝင်ကြသည်။ **(အောက်ပုံ)**

အဆိုပါပြိုင်ပွဲတွင် အုပ်စု(က)၌ အင်ဒိုနီးရှားလူငယ်၊ ဘရူနိုင်း၊ လစ်ဗျားတို့ပါဝင်ကြပြီး အုပ်စု(ခ)တွင် အင်ဒိုနီးရှား လက်ရွေးစင်အသင်း၊ မြန်မာအသင်းနှင့် ကမ္ဘောဒီးယားတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် ဩဂုတ် ၂၂ ရက်တွင် ကမ္ဘောဒီးယားအသင်း၊ ၂၅ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၂၇ရက်တွင်လည်းကောင်း၊ ဗိုလ်လုပွဲနှင့် တတိယလုပွဲကို ဩဂုတ် ၂၉ ရက်တွင် လည်းကောင်း ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ၁၉၉၄ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ်တို့တွင်ယှဉ်ပြိုင်ခဲ့ဖူးသည်။ယခုပြိုင်ပွဲသို့ AFC Challenge Cup ပြိုင်ပွဲဝင် လက်ရွေးစင်အသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။ (ကြေးမုံ)

**၂၀၀၈-၂၀၀၉ ပညာသင်နှစ် ကျောင်းကျန်းမာရေးသိတင်းပတ်လုပ်ငန်းများကို ဩဂုတ် ၁၁ရက်မှ ၁၅ ရက်အထိ အမက(၁၄) အင်းစိန်၌ကျင်းပရာ အလှူရှင် ဦးကျော်သိန်း(ဒု-ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့)မိသားစုက တစ်ကျောင်းလုံးရှိ ကျောင်းသား၊ကျောင်းသူများအားဩဂုတ် ၁၄ ရက်က သာဂူအာဟာရ ကျွေးမွေးလှူဒါန်းစဉ်။** (ကြေးမုံ)

## စင်းကျန်ပြည်နယ် ပြည်ပကုန်သွယ်ရေးလုပ်ငန်း တိုးတက်လာ

**ဥရုမ်ချီ ဩဂုတ် ၁၉**

တရုတ် အနောက်မြောက်ပိုင်း စင်းကျန်ဦဂူရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် တင်ပို့ကုန်နှင့် တင်သွင်းကုန်တန်ဖိုးသည် ယခုနှစ် ပထမခုနစ်လတာအတွင်း နှစ်ဆမြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၅၈ ဘီလီယံအထိ ရောက်ရှိလာသည်။ နိုင်ငံပျမ်းမျှ တိုးတက်နှုန်းထက် ၇၀ရာခိုင်နှုန်းကျော် ရှိကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

**မြင့်တက်လာ**

တရုတ်နိုင်ငံ ဝေးလံသီခေါင်သည့်ဒေသမှကုန်ပစ္စည်း တင်ပို့မှုတန်ဖိုးမှာ ဇန်နဝါရီလမှ ဇူလိုင်လအထိ အမေရိကန်ဒေါ်လာ ၉ဒသမ၈၉ဘီလီယံရှိပြီး ယမန်နှစ်အလားတူကာလထက် နှစ်ဆရှိသည်။ ထို့အပြင်တင်သွင်းကုန်တန်ဖိုးမှာအမေရိကန်ဒေါ်လာ၁ဒသမ ၆၉ဘီလီယံရှိပြီး ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းကျော် မြင့်တက်လာကြောင်း ယူရမ်ကီအကောက်ခွန်ဌာန စာရင်းအင်း၌ ဖော်ပြထားသည်။

စင်းကျန်ဒေသမှ တင်ပို့နေသော ပို့ကုန်ပစ္စည်းများတွင် အသင့်ချုပ်ပြီး အထည်များ၊ ဖိနပ်များ၊ ချည်ခင်များ၊ စက်ပစ္စည်းများ၊ အီလက်ထရွန်နစ် ပစ္စည်းများနှင့် လယ်ယာထွက်ကုန်များ ပါဝင်သည်။

၂၀၀၈ ခုနှစ် ပထမခုနစ်လတွင် စင်းကျန်ဒေသ၏ နိုင်ငံခြားကုန်သွယ်ရေးပမာဏ၏ ၇၇ ရာခိုင်နှုန်း ကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ကိုးဘီလီယံရှိသည်။ ယင်းတန်ဖိုးသည် ကုန်စည်ချင်း ဖလှယ်သောစနစ်ဖြင့်ပြုလုပ်သည့် ကုန်သွယ်ရေးမျိုးဖြစ်သည်ဟု ဆိုသည်။

စင်းကျန်ဒေသသည် မွန်ဂိုလီးယား၊ ရုရှား၊ ကာဇက်စတန်၊ တာဂျီကစ္စတန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံ စသည်တို့နှင့် နယ်စပ်ချင်း ထိစပ်နေသည်။ ထိုဒေသ၏ နယ်စပ်အရှည်မှာ ကီလိုမီတာ ၅၄၀၀ ရှိသည်။

***အင်တာနက်။***

## အီရန်က ဂြိုဟ်တုတစ်လုံးလွှတ်တင် အာကာသသိပ္ပံပညာဌာန အကြီးအကဲပြောကြား

**တီဟီရန် ဩဂုတ် ၁၉**

ပြည်တွင်း၌ ထုတ်လုပ်သော ဒုံးပျံကိုအသုံးပြု၍ ပုံစံတူပြုလုပ်ထားသော ဒမ်မီဂြိုဟ်တုတစ်လုံးကို အီရန်နိုင်ငံက ဩဂုတ် ၁၇ ရက်တွင် အာကာသသို့ လွှတ်တင်လိုက်သည်။

အီရန်နိုင်ငံ၏ အဆိုပါ ခြေလှမ်းသစ်ကြောင့် အနောက်နိုင်ငံများက အီရန်နိုင်ငံအပေါ် ပို၍သံသယပွားစရာ ဖြစ်လာနေသည်ဟု ရှုမြင်ကြသည်။ အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်သောနည်းပညာသည် ဒုံးပျံနှင့် လက်နက်သယ်ဆောင်ပစ်ခတ်ရာ၌လည်း အသုံးပြုနိုင်သည်ဟုဆိုသည်။ အီရန်နိုင်ငံကမူ ယင်းသို့သောအစီအစဉ်မျိုးမရှိဟုငြင်းဆိုသည်။

ပုံစံတူ ပြုလုပ်ထားသော ဒမ်မီဂြိုဟ်တုကို အီရန်နိုင်ငံအနေဖြင့် အောင်မြင်စွာ ပစ်လွှတ်နိုင်ပြီဖြစ်ကြောင်း အီရန် အာကာသသိပ္ပံပညာဌာနမှ အကြီးအကဲ ရီဇာတက်ခ်ဟီဇာဒီက ပြောကြားသည်။

**အငြင်းပွား**

အီရန်နိုင်ငံသည် အနောက်ဥရောပနိုင်ငံများနှင့်အဏုမြူစွမ်းအင်ထုတ်လုပ်မှုကိစ္စနှင့်ပတ်သက်၍ အငြင်းပွားလျက်ရှိသည်။ ဖေဖော်ဝါရီလအတွင်းကလည်း အီရန်သည် ပြည်တွင်းလုပ်ဒုံးပျံဖြင့် ဂြိုဟ်တုလွှတ်တင်ရေးအစီအစဉ်၏အစိတ်အပိုင်းအဖြစ်စမ်းသပ်မှုတစ်ခု ပြုလုပ်ခဲ့သေးသည်။

**ပြောကြား**

အနောက်ဥရောပ နိုင်ငံများက အီရန်နိုင်ငံသည် ငြိမ်းချမ်းသည့် အဏုမြူစွမ်းအင် အသုံးပြုရေးကို အကြောင်းပြကာ အဏုမြူလက်နက် ထုတ်လုပ်နေသည်ဟု သံသယရှိသည်။ သို့သော် ထိုကိစ္စမှာ ငြိမ်းချမ်းစွာ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်သာဖြစ်သည်ဟု အီရန်က ကြိမ်ဖန်များစွာ ပြောကြားခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

**အီရန်နိုင်ငံ၏ ပုံစံတူ ဖန်တီးထားသော ဒမ်မီဂြိုဟ်တုကို အာကာသအတွင်းသို့ သယ်ဆောင်သွားမည့် ဆာဖီရာဒုံးပျံကို မလွှတ်တင်မီ ဩဂုတ် ၁၇ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ အရှေ့မြောက်ပိုင်းရှိ ဘာရန် ဂေဘာဂွန်ဆီလန်ဂန်ဒေသတွင် ရေလွှမ်းမှုဖြစ်ပွားခြင်းကြောင့် ဒေသခံများက အိမ်အတွင်းမှ ရေများအား ဖောက်ထုတ်နေသည်ကို ဩဂုတ် ၂၀ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ဖိလစ်ပိုင်တွင် နူရီတိုင်ဖုန်း မုန်တိုင်းတိုက်ခတ် မိုးသည်းထန်စွာ ရွာသွန်း

**မနီလာ ဩဂုတ် ၂၀**

နူရီ အမည်ရှိ တိုင်ဖုန်း မုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံ၏ အရှေ့မြောက်ပိုင်းရှိ ကာဂါယန်ပြည်နယ်တွင် ဗုဒ္ဓဟူးနေ့ နံနက်ပိုင်းက တိုက်ခတ်သွားခဲ့ရာ နိုင်ငံ၏မြောက်ပိုင်းရှိ လူဇုံကျွန်း၏ နေရာအများစုတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။

အဆိုပါ တိုက်ဖုန်းမုန်တိုင်းသည် အနောက်ဖက်နှင့် အနောက်မြောက်ဒေသသို့ တစ်နာရီလျှင် ကီလို ၂၀ နှုန်းဖြင့် ရွေ့ရှားခဲ့ပြီး မိုးလေဝသဘူမိဗေဒနှင့် နက္ခတ်ဌာန(ပါဂါဆာ)၏ ထုတ်ပြန်ချက်အရ လေတိုက်နှုန်းသည် တစ်နာရီလျှင် ကီလို ၁၄၀အထိ ပြင်းထန်ကြောင်းသိရသည်။အဆိုပါတိုင်ဖုန်းမုန်တိုင်းသည် အန္တရာယ်ကြီးမားလှပြီး လေဆင်နှာမောင်းအဖြစ် ပြောင်းလဲနိုင်သည်ဟု ပါဂါဆာ ညွှန်ကြားရေးမှူး ပရစ်စကိုနီလိုက ပြောကြားသည်။

ဖိလစ်ပိုင်မြောက်ပိုင်းဒေသရှိ လာယူနီယံ၊ ပန်ဂါဆင်နန်၊ ဇမ်ဘေးတာလက်၊ ဘာတန်၊ ပန်ပန်ဂါနှင့် ဘူလာကန်ပြည်နယ်များတွင် ကျောင်းများပိတ်ထားရန် ဖိလစ်ပိုင်အမျိုးသား သဘာဝဘေးအန္တရာယ် ညှိနှိုင်းရေးကောင်စီက အမိန့်ထုတ်ပြန်ထားသည်။

***အင်တာနက်။***

## လေယာဉ်နှစ်စင်းတိုက်မိ ငါးဦးသေဆုံး

**လန်ဒန် ဩဂုတ် ၁၉**

ဗြိတိန်နိုင်ငံ ကိုဗင်ထရီဒေသအနီးရှိဝေဟင်ယံတွင် အပေါ့စားလေယာဉ်နှစ်စင်းတနင်္ဂနွေနေ့ကတိုက်မိခဲ့ကြသဖြင့် လူငါးဦး သေဆုံးကြောင်း အနောက်မစ်လန်းဒေသရှိ လူနာတင်မော်တော်ယာဉ်ဌာနက ပြောကြားသည်။

လေယာဉ်တစ်စင်းသည် ဘရန်ဒွန်သစ်တောအုပ်အတွင်း ပျက်ကျခဲ့ပြီး လူလေးဦးပွဲချင်းပြီးသေဆုံးကာဒုတိယလေယာဉ်သည် ဘရင့်လိုနှင့် ကိုဗင်ထရီဒေသအကြား လယ်ကွင်းတွင် ပျက်ကျခဲ့ရာ တစ်ဦးသေဆုံးခဲ့သည်။

အပေါ့စားလေယာဉ်နှစ်စင်း ဝါးစ်ရှိုင်းယားဒေသ၏ ဝေဟင်ယံထက်တွင် တိုက်မိခဲ့ပြီးသည့်နောက် ငါးဦးသေဆုံးသည်ဟု အနောက်မစ်လန်းဒေသ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ယင်းသို့ လေယာဉ်နှစ်စင်း တိုက်မိပြီးနောက်ကိုဗင်ထရီလေဆိပ်ကို ပိတ်ထားခဲ့သည်ဟု စကိုင်းသတင်းဌာနကဖော်ပြသည်။သစ်တောအုပ်အတွင်း ပျက်ကျခဲ့သည့် လေယာဉ်ဆီသို့ သွားရောက်ရန် ခက်ခဲသည်ဟု အနောက်မစ်လန်း လူနာတင်မော်တော်ယာဉ်ဌာန၏ ပြောရေးဆိုခွင့်ရှိသူ ရစ်ချက်တော့ပင်က ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## နိုင်ငံတကာ သတင်းများ

## ဂွါတီမာလာတွင် ငလျင်လှုပ်

**မက္ကစီကိုစီးတီး ဩဂုတ် ၁၉**

ဩဂုတ် ၁၇ ရက်က ဂွါတီမာလာနိုင်ငံအနှံ့အပြားတွင် ၅ဒသမ၂ ရစ်ချ်တာစကေးရှိ ငလျင် လှုပ်သွားခဲ့သော်လည်း အသေအပျောက် အပျက်အစီးမရှိကြောင်း သိရသည်။ ထိုငလျင်သည် ဂွါတီမာလာနိုင်ငံ၏ အနောက်တောင်ပိုင်းကို ဗဟိုပြု၍ ဒေသစံတော်ချိန် ၈နာရီ ၂၅ မိနစ် (ကမ္ဘာ့စံတော်ချိန် ၁၄း၂၅နာရီ) တွင် လှုပ်သွားခဲ့ကြောင်း အမျိုးသားငလျင်၊ မီးတောင်နှင့်မိုးလေဝသပညာဌာနမှ ထုတ်ပြန်သည်။

ထိုငလျင်သည်အထူးသဖြင့် နိုင်ငံ၏အနောက်ပိုင်းဒေသများဖြစ်သော ကွီဇာလ်တင်န်ဟို၊ စန်မာကို့စ်၊ ဆိုလိုလာ၊ တိုတိုနီကာပန်၊ မီဇာတီနင်ဂိုနှင့် ရီတယ်ဟူလူဒေသများတွင် ပြင်းထန်ကြောင်း ဂွါတီမာလာစီးတီးသို့ ရောက်လာသော သတင်းများအရသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ထိုင်းမြောက်ပိုင်းတွင် ရေကြီးနိုင် မိုးလေဝသဌာနမှ သတိပေးချက်ထုတ်ပြန်

**ဗန်ကောက် ဩဂုတ် ၁၉**

မဲခေါင်မြစ်နှင့်မြစ်လက်တက်ဒေသများတွင်နေထိုင်သော ပြည်သူများ အနေဖြင့်ရေကြီးမည့်အန္တရာယ်နှင့်ကြုံတွေ့နိုင်သည့်အတွက် သတိဝီရိယဖြင့် နေထိုင်ကြရန် ထိုင်းနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနက ဩဂုတ် ၁၈ရက်တွင် သတိပေးချက်ထုတ်ပြန်ထားသည်။ တနင်္လာနေ့အရုဏ်တက်ချိန်တွင် တိုင်းတာချက်များအရ ထိုင်းနိုင်ငံ မြောက်ပိုင်းရှိ မဲခေါင်မြစ်ကမ်းဒေသနှင့် မြစ်လက်တက်အရပ်များတွင် နောက်နှစ်ရက်အတွင်း ရေကြီးနိုင်ကြောင်း သိရှိရသည်ဟုဆိုသည်။ ရေကြီးမှုဒဏ် ဆိုးရွားစွာခံစားရနိုင်သည့် ပြည်နယ်များမှာ မုခ်ဒါဟန်၊ အမ်နက်၊ ချာရွှန်နှင့် ဒိုဘွန်ရာချာသနီပြည်နယ်တို့ ဖြစ်ကြောင်း ကြေညာထားသည်။

လွန်ခဲ့သော သီတင်းပတ်မှစ၍ ထိုင်းနိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးမှုများ ဖြစ်ပေါ်လာသဖြင့် အိုးအိမ်နှင့်မွေးမြူရေးလုပ်ငန်းများ ပျက်စီးမှုဖြင့် ကြုံကြရသည်။ ထိုအခြေအနေများကြောင့် ခွန်ဖန့်ပြည်နယ်မှ ပြည်သူ ပေါင်း ၁၂၈၁၈၀ တို့ ရေဘေးဒုက္ခခံစားရပြီး စီးပွားဖြစ် ငါးမွေးမြူရေးကန် ၁၂၀၀ ကျော်ပျက်စီးကာ တာခုနစ်ခုကျိုးသဖြင့် လယ်မြေများ ရေလွှမ်းကုန်ကြောင်း ကနဦး တိုင်းတာချက်များ အရသိရသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာဖဂန်နစ္စတန်၌ဖြစ်ပွားသောတိုက်ခိုက်မှုတွင် အရပ်သားသုံးဦးသေဆုံးဟုဗြိတိန်ပြောကြား

**လန်ဒန် ဩဂုတ် ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ဆန်ဂင်ဒေသတွင် တာလီဘန်တိုက်ခိုက်ရေးသမားအား ဗြိတိသျှတပ်ဖွဲ့များက ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုပြုလုပ်ရာ အာဖဂန်အမျိုးသမီးတစ်ဦးနှင့် ကလေးနှစ်ဦး သေဆုံးကြောင်း တနင်္လာနေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဒဏ်ရာရရှိသော အရပ်သားများကို ကားများဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးပြီး တပ်ဖွဲ့ဝင်များက ဆေးကုသပေးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

**ယာဉ်အသွားအလာများပြားသည့် အီဂျစ်နိုင်ငံ ကိုင်ရို မြို့၏ မြို့လယ်တစ်နေရာကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ဂါဇာ နယ်စပ်ဂိတ် အစ္စရေး ပြန်လည်ဖွင့်လှစ်ပေး

**ဂါဇာ ဩဂုတ် ၁၉**

အစ္စရေးတို့သည် ဂါဇာကမ်းမြောင်သို့ ကုန်စည်သယ်ယူ ဖြတ်သန်းသည့်ဂိတ်တစ်ခုကို ဖွင့်လှစ်ပေးကြောင်း၊ အစ္စရေးတို့ဝန်းရံပိတ်ဆို့ထားသော ဂါဇာကမ်းမြောင်သို့ ကုန်စည်လျှင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရန် ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပါလက်စတိုင်းသတင်းဌာနက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဂါဇာကမ်းမြောင်အရှေ့တောင်ပိုင်းရှိ ကီရမ်ရှလွမ်နယ်စပ် ဂိတ်ကို စားသောက်ကုန်၊ အသီးအနှံနှင့် အချို့သော ထောက်ပံ့ရေးပစ္စည်းများ သယ်ယူရန်အတွက် ယနေ့ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

အဆိုပါနယ်စပ်ဂိတ်ကို ယခုအခါ စားသောက်ကုန်များသယ်ယူပို့ဆောင်နေရာမှ လျှပ်စစ်အသုံးအဆောင်များ၊ စိုက်ပျိုးရေးကိရိယာများ၊ အဝတ်အထည်၊ ဘိလပ်မြေနှင့် ကုန်ကြမ်းပစ္စည်းများ သယ်ယူခွင့် ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

ဟားမတ်စ်တို့သည် ဖောက်ခွဲရေးပစ္စည်းများအပြည့် တင်ဆောင်လာသောကားဖြင့် ကီရမ်ရှလွမ်နယ်စပ်ဂိတ်ကိုတိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတို့က အဆိုပါ နယ်စပ်ဂိတ်ကို လအတန် ကြာပိတ်ထားခဲ့သည်။

***အင်တာနက်။***

# ဘရာဇီး၌ ပြန်ပေးဆွဲခံရသူများ ပြန်လည်လွတ်မြောက်လာ

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၁၉**

ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့၌ ဩဂုတ် ၁၆ရက် နံနက်က ဗီယက်နမ်သံအမတ်တစ်ဦးအပါအဝင် တရုတ်ဝန်ထမ်းသုံးဦးတို့ ပြန်ပေးဆွဲခံခဲ့ရသည်။ ၎င်းတို့ကို ရီယိုဒီဂျနေးရိုးမြို့ အင်ကာဂွါအရပ်၌ တနင်္လာနေ့ နံနက်တွင် ရဲတပ်ဖွဲ့တို့က ပြန်လည်ရှာဖွေတွေ့ရှိကြောင်း ဒေသခံသတင်းများက ဖော်ပြသည်။ရီယိုဒီဂျနေးရိုးမြို့အနီး ပိုင်နီရက်စ်လမ်းတွင် မျက်နှာဖုံးစွပ်ထားပြီး ရဲယူနီဖောင်းများဝတ်ဆင်ထားသူ လက်နက်ကိုင် ၁၂ဦးကပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ရုရှားတပ်များရုပ်သိမ်း

**ဂျော်ဂျီယာနိုင်ငံ ဂိုရီမြို့မှ ရုရှားတပ်ဖွဲ့များနှင့် တင့်ကားများ ရုပ်သိမ်းနေသည်ကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ ရလဒ်များ

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲများကို ယနေ့ ဆက်လက်ကျင်းပရာ ပြိုင်ပွဲရလဒ်များကို ဖော်ပြလိုက်ပါသည်-

**အမျိုးသား (အာရ်အက်စ်အိတ်စ်) ရွက်လှေပြိုင်ပွဲ**

ရွှေ - တွမ်အက်ရှလေ(နယူးဇီလန်)
ငွေ - ဂျူလီယံဗွန်ကင့်မ်(ပြင်သစ်)
ကြေး - ရှဟားဇူဘာရီ(အစ္စရေး)

**အမျိုးသမီး(အာရ်အက်စ်အိတ်စ်) ရွက်လှေပြိုင်ပွဲ**

ရွှေ - ယင်ဂျီယံ(တရုတ်)
ငွေ - အလက်ဇန္ဒားစန်ဆီနီ(အီတလီ)
ကြေး - ဘရိုင်ရင်နီရှော(ဗြိတိန်)

**အမျိုးသမီး ၁၀ ကီလိုမီတာ မာရသွန်**

ရွှေ - လာရီဆာအီချန်ကို(ရုရှား)
ငွေ - ကီရီအင်နီပေနီ(ဗြိတိန်)
ကြေး - ကဆင်ဒရာပက်တင်(ဗြိတိန်)

**၂၀၀၈ ခုနှစ် ပေကျင်းအိုလံပစ်အားကစားပြိုင်ပွဲ နိုင်ငံအလိုက် ၂၀-၈-၂၀၀၈ ဆုတံဆိပ်ရရှိမှုဇယား**

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | တရုတ် | ၄၅ | ၁၄ | ၂၀ | ၇၉ |
| ၂ | အမေရိကန် | ၂၆ | ၂၆ | ၂၇ | ၇၉ |
| ၃ | ဗြိတိန် | ၁၆ | ၁၀ | ၁၀ | ၃၆ |
| ၄ | ရုရှား | ၁၃ | ၁၄ | ၁၈ | ၄၅ |
| ၅ | ဩစတြေးလျ | ၁၁ | ၁၂ | ၁၂ | ၃၅ |
| ၆ | ဂျာမနီ | ၁၁ | ၈ | ၉ | ၂၈ |
| ၇ | တောင်ကိုရီးယား | ၈ | ၁၀ | ၆ | ၂၄ |
| ၈ | ဂျပန် | ၈ | ၆ | ၉ | ၂၃ |
| ၉ | အီတလီ | ၆ | ၇ | ၇ | ၂၀ |
| ၁၀ | ယူကရိန်း | ၅ | ၅ | ၈ | ၁၈ |

**နှစ်ယောက်တွဲစည်းချက်ညီ ရေကူး**

ရွှေ - ဒါဗီဒင်ကိုနှင့်အီလ်မာကိုဗာ (ရုရှား)
ငွေ - ဖူရင်တစ်နှင့် မင်ဂူရယ်(စပိန်)
ကြေး - ဟာရာဒါနှင့် စူဇူကီး(ဂျပန်)

**တိုက်ကွမ်ဒို အမျိုးသမီး ၄၉ကီလိုတန်း**

ရွှေ - ဝူဂျင်ယူ(တရုတ်)
ငွေ - ဘတ်ထရီပူဒ်ပေါင်(ထိုင်း)
ကြေး - ဒေးနီလပ်စ်မွန်တီဂျို(ကျူးဘား) နှင့်ဒါလီယာကွန်ထရီရပ်ခ်ရီဗိုရို (ဗင်နီဇွဲလား)

**တိုက်ကွမ်ဒို အမျိုးသား ၅၈ကီလိုတန်း**

ရွှေ - ဂူလီအာမိုပီရက်(မက္ကဆီကို)
ငွေ - ယူလိစ်ဂါဘရီရယ်မာစီဒီး (ဒိုမီနီကန်)
ကြေး - ရိုဟူလာနစ်ပါ (အာဖဂန်နစ္စတန်)နှင့် ချူမူယံ(တရုတ်တိုင်ပေ)

**အမျိုးသား နပန်း ၇၄ကီလိုတန်း**

ရွှေ - ဘူဗာဆာဆေးတစ်(ရုရှား)
ငွေ - ဘောစ်လန်တီဂီရက်ဗ် (ဥဇဘက်)
ကြေး - မူရဒ်ဂါဒါရောဗ်(ဘယ်လ်ဂျီယံ)

**အမျိုးသား နပန်း ၆၆ကီလိုတန်း**

ရွှေ - ရာမာဇန်ရှာဟင်(တူရကီ)
ငွေ - အင်ဒရီစတတ်ဒနစ်ဇ် (ယူကရိန်း)
ကြေး - အော်တာတူရှီရှီဗလ (ဂျော်ဂျီယာ)

# တာလီဘန်များက ချုံခိုတိုက်ခိုက် ပြင်သစ်တပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံး

**ကဘူး ဩဂုတ် ၁၉**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး၏ အရှေ့ပိုင်းတွင် တာလီဘန်တိုက်ခိုက်ရေးသမားများက ချုံခိုတိုက်ခိုက်မှုကြောင့် ပြင်သစ်တပ်ဖွဲ့ဝင် ၁၀ဦး သေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေး အထောက်အကူပြုတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)အတွက် ထိခိုက်သေဆုံးမှု အများဆုံး တိုက်ပွဲဖြစ်သည်။ ထိုတိုက်ခိုက်မှုတွင် နောက်ထပ်ပြင်သစ်တပ်ဖွဲ့ဝင် ၂၁ဦးလည်း ဒဏ်ရာရရှိခဲ့သည်။

ပြင်သစ်သမ္မတနီကိုလပ်စ်ဆာကိုဇီသည် တပ်ဖွဲ့ဝင်များကိုအားပေးစကားပြောကြားနိုင်ရန် ကဘူးမြို့သို့သွားရောက်သည်။မြို့တော်ကဘူးအနီးသို့ သောင်းကျန်းသူများ၏တိုက်ခိုက်မှုများ နီးကပ်လာနေပြီဖြစ်ကြောင်း၊ သတိပေးမှုများထွက်ပေါ်နေချိန်တွင် အထက်ပါတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်။ဘေရွတ်မြို့၌ ၁၉၈၃ခုနှစ်က ပြင်သစ်လေထီးတပ်ဖွဲ့ဝင်၅၈ဦးသေဆုံးခဲ့ရသည့်ဖြစ်ရပ်နောက်ပိုင်းတွင် ယခုဖြစ်ရပ်သည်ပြင်သစ်တပ်ဖွဲ့ဝင်များအတွက် ထိခိုက်သေဆုံးမှုအများဆုံးကြုံတွေ့ရသော တိုက်ခိုက်မှုပင်ဖြစ်ကြောင်းသိရသည်။***အင်တာနက်။***

**နောက်ဆုံးရအင်တာနက်သတင်း**

# စပိန်နိုင်ငံ မဒရစ်မြို့ ဘာရာယက်စ် လေဆိပ်တွင် လေယာဉ် ပြေးလမ်းချော် မီးလောင်ပေါက်ကွဲ၍ လူ ၁၀၀ခန့် သေဆုံး

မဒရစ် ဩဂုတ် ၂၀

**စပိန်နိုင်ငံ မဒရစ်မြို့ ဘာရာယက်စ်လေဆိပ်တွင် ခရီးသည်တင်လေယာဉ်တစ်စင်း ပြေးလမ်းချော်ပြီး မီးလောင်ပေါက်ကွဲသဖြင့် ခရီးသည် ၁၀၀ခန့်သေဆုံးကြောင်း တာဝန်ရှိသူများက အတည်ပြုပြောကြားသည်။**

စပန်အဲ(Spanair)လေကြောင်းလိုင်းပိုင် MD-82 အမျိုးအစား လေယာဉ်သည် ခရီးသည် ၁၆၆ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦးကို တင်ဆောင်၍ မဒရစ်မြို့မှ ကနေရီကျွန်းသို့ စတင်ပျံသန်းထွက်ခွာစဉ် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ ၄၅မိနစ်၌ ယင်းဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါလေယာဉ်သည် လေဆိပ်မှစတင်ပျံတက်စဉ် ဘယ်ဘက်မှ အင်ဂျင်ကို မီးစွဲလောင်ပေါက်ကွဲခဲ့ခြင်း ဖြစ်ကြောင်း၊ လေယာဉ်အပျက်အစီးများအတွင်းမှ လူ ၂၆ဦး လွတ်မြောက်လာသည်ကို တွေ့မြင်ခဲ့ရကြောင်း မျက်မြင်အချို့က ပြောကြားသည်။ ယခုမတော်တဆမှုဖြစ်ပွားခဲ့သည့် MD-82 လေယာဉ်အမျိုးအစားမှာ ဥရောပတွင် ခရီးတိုများ ပြေးဆွဲနေသည့် လေယာဉ်အမျိုးအစားဖြစ်ပြီး စပန်အဲလေကြောင်းလိုင်းသည်လည်း လုံခြုံစိတ်ချရသည်ဆိုသည့် မှတ်တမ်းကောင်းများရှိကြောင်း၊ ယခုဖြစ်ရပ်သည် ဘာရာယက်စ်လေဆိပ်တွင် ၁၉၈၃ ခုနှစ်နောက်ပိုင်း ပထမဆုံးဖြစ်ပွားသည့် မတော်တဆမှုဖြစ်ကြောင်း ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

***အင်တာနက်။***

**(Spanair)လေကြောင်း လိုင်း လေယာဉ် မဒရစ် လေဆိပ်၌ မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးယာဉ်များနှင့် မီးငြိမ်းသတ် မည့်ရဟတ်ယာဉ်များ ရောက်ရှိလာစဉ်။**

# နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ်၊ ရေးမြို့နယ်၊ လမိုင်းမြို့ ကော့ဒွတ်ကျေးရွာမဟာဝိဟာရပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တဝံသပါလ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ထေရုပ္ပတ္တိအကျဉ်း

**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ၊ ခမည်းတော် ဦးဒူးရင်၊ မယ်တော် ဒေါ်ပန်းအေး တို့မှ ၁၂၇၇ ခုနှစ် တပေါင်းလပြည့်ကျော်၄ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၂၈၉ ခုနှစ် တပေါင်းလဆန်း၅ရက်နေ့တွင် ကော့ဒွတ်ကျေးရွာ မဟာဝိဟာရပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂဒိပ္ပကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၂၉၈ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် နံနက်၈နာရီ ၇မိနစ်အချိန်တွင် ကော့ဒွတ်ကျေးရွာ မဟာဝိဟာရ ပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအဂ္ဂဒိပ္ပကို ဥပဇ္ဈာယ်ပြုလျက်ခမည်းတော်၊ မယ်တော်တို့၏ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ဘို့နက်ကျေးရွာ၊ ကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ၊ ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ၊ မဟာဝိဟာရပရိယတ္တိကျောင်း ဆရာတော် ဘဒ္ဒန္တအဂ္ဂဒိပ္ပ၊ မန္တလေးမြို့၊ အနောက်ထီးလင်းတိုက်၊ ပြဟ္မာမင်းစာချကျောင်း ဆရာတော် ဦးစက္ကိန္ဒ၊ မန္တလေးမြို့၊ မိုးကောင်းတိုက်၊ ညောင်ရမ်းပါဠိတက္ကသိုလ် ဆရာတော်စသော ဆရာတော်များထံတွင် ပရိယတ္တိစာပေများ သင်ယူဆည်းပူးတော်မူခဲ့ပါသည်။

**စာပေပို့ချခြင်းနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည်ရေးမြို့နယ်၊ ကော့ဒွတ်ကျေးရွာ၊ မဟာဝိဟာရပရိယတ္တိကျောင်းတိုက်ကြီး၌နှစ်ပေါင်း၄၀ကျော်တိုင်အောင် တပည့်ရဟန်းသာမဏေများအား ပရိယတ္တိစာပေများပို့ချခြင်း၊ ရေးမြို့နယ်၊ ကော့ဒွတ်ပဝါရဏာဂိုဏ်းချုပ်ဆရာတော်အဖြစ် (၂၅)နှစ်တိုင်တိုင် ဆောင်ရွက်တော်မူခြင်း၊ ကော့ဒွတ်ကျေးရွာ၊ ရွာလယ်စေတီတော်ကြီး၏ သြဝါဒါစရိယ ဆရာတော်အဖြစ် ဆောင်ရွက်ခြင်း၊ ကော့ဒွတ်ကျေးရွာ၊ မဟာဝိဟာရပရိယတ္တိစာသင်တိုက်ကြီးတွင် ဒေသခံကျောင်းသား ကျောင်းသူများအား ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း ဖွင့်လှစ်၍ မွန်ဘာသာဖြင့် နှစ်ပေါင်း (၄၀)ကျော် သင်ကြားပို့ချခြင်း၊ ၁၃၅၆ခုနှစ်မှ ယနေ့အထိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်တာဝန်တို့ကို ထမ်းဆောင်တော်မူခြင်းတို့ဖြင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် သာသနာတော်အကျိုး သယ်ပိုးဆောင်ရွက်တော်မူပြီး လဇ္ဇီပေသလ သိက္ခာကာမ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်အား နိုင်ငံတော်အစိုးရက ၁၃၆၄ခုနှစ် (၂၀၀၃ခုနှစ်)တွင် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

**ဘဝနတ်ထံ ပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးသယ်ပိုးဆောင်ရွက်တော်မူရင်းမှ သက်တော် (၉၃)နှစ်၊ သိက္ခာတော် (၇၂)ဝါအရ ၁၃၇၀ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ရက် (၂၀၀၈ခုနှစ် သြဂုတ် ၁၈ရက်) (တနင်္လာနေ့)၊ ညနေ ၆နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေး ဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံပြင်ပ၌ မြေငလျင်လှုပ်ရှား

**နေပြည်တော် သြဂုတ် ၂၀**

ယနေ့မြန်မာစံတော်ချိန် နံနက်၄နာရီ ၉မိနစ် ၂၃စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် မိုင်၆၀၀ခန့် ကွာဝေးသော နေရာ မြန်မာနိုင်ငံပြင်ပ (တရုတ်-မြန်မာနယ်စပ်)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၃ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

# မိုးကုတ်ဝိပဿနာ ရွှေခြံဓမ္မရိပ်သာစခန်းပွဲ

**ရန်ကုန် သြဂုတ် ၂၀**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) (၁၃)ရပ်ကွက်၊ ရှင်ထွေးညို လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၄၃) ရွှေခြံဓမ္မရိပ်သာကျောင်းတိုက်၌ စက်တင်ဘာ၂ရက်မှ၈ရက်အထိ ခုနစ်ရက်တရားစခန်းပွဲကို မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရွှေခြံဓမ္မရိပ်သာ ဆရာတော် ဦးဇာဂရိယနှင့် ဦးဝေပုလ္လ၊ဦးမာဏဝိက အရှင်သူမြတ်တို့က ဟောကြားမည်ဖြစ်ရာ ဆွမ်းအလှူရှင်များနှင့် စခန်းဝင်မည့် ပုဂ္ဂိုလ်များသည် ဖုန်း-၀၉၅၁၆၄၄၃၈၊ ၀၁-၅၈၅၃၁၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)


# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ (၅၉)လမ်းနေ (ဦးတင်ရွှေ) (မန်နေဂျာ၊ အင်ဂျင်နီယာ မြန်မာ့သစ်လုပ်ငန်း-ငြိမ်း)-ဒေါ်ကြင်ရွှေတို့၏သား

**မောင်သီဟရွှေ** (Engineer at Seagate Technology, Singapore), (Dip in Mechatronics, Temasek Polytechnic)

နှင့်

အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်နေ ဦးဌေးနိုင် (Honey Rain, Inc)-ဒေါ်အေးအေးမူတို့၏ သမီးထွေး

**မနိုဇာနိုင်နိုင်** (BSC in Electrical Engineering and Mathematics (Final year), Texas Tech University, USA), (ASC in Engineering)

တို့သည် နှစ်ဖက်သော မိဘများ၏ သဘောတူညီချက်အရ စင်ကာပူနိုင်ငံ Toa Payoh မြန်မာဘုန်းကြီးကျောင်း၌ ၁၁-၈-၂၀၀၈ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်သီဟရွှေ-မနိုဇာနိုင်နိုင်**


# Tip Top စက်ဆီ/ချောဆီများ စတင်ဖြန့်ချိသည့် အခမ်းအနားကျင်းပ

TIPTOP U.A.E နိုင်ငံမှ ထုတ်လုပ်သော စက်ဆီ/ချောဆီများ

**ရန်ကုန် သြဂုတ် ၂၀**

U.A.E နိုင်ငံမှ ထုတ်လုပ်ပြီး Lucky Choice Co., Ltd. မှ မြန်မာနိုင်ငံတစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိသော Tip Top အမှတ်တံဆိပ် စက်ဆီ/ချောဆီနှင့်အင်ဂျင်ဝိုင်များအား စတင်ဖြန့်ချိသည့် အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Lucky Choice Co., Ltd. ရုံးခန်း၌ ကျင်းပရာ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Lucky Choice Co., Ltd. မှ ဒါရိုက်တာ ဦးကျော်ထွန်းက အမှာစကားပြောကြားသည်။ Tip Top အမှတ်တံဆိပ် စက်ဆီ/ ချောဆီနှင့် အင်ဂျင်ဝိုင်များကို ရန်ကုန်မြို့တွင် အမှတ်(၁၉/၂၁) မြယာကုန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၉၀၇၀၈၊၀၉၅၀-၆၀၁၂၁တို့၌ လည်းကောင်း၊ မန္တလေးမြို့တွင် အမှတ်(၈/၇၇) ကျွဲဆည်ကန်(၆)လမ်း ချမ်းမြသာယာရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ် ဖုန်း-၀၂၇၀၄၁၂ ၌ လည်းကောင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

Tip Top အမှတ်တံဆိပ် စက်ဆီ/ချောဆီနှင့်အင်ဂျင်ဝိုင်များကိုအရောက်ပို့စနစ်ဖြင့် ဖြန့်ချိပေးလျက်ရှိပြီး မှာကြားဝယ်ယူနိုင်သော အမျိုးအစားများမှာ 15/40 CG4/SJ, 20/50 CG4/SJ, 20/50 SF/CC, Hydraulic 68, Hydraulic 46,SAE 40, SAE 50 တို့ဖြစ်သည်။ ရေနံအရည်အသွေးကောင်းများ ထွက်ရှိရာ U.A.E နိုင်ငံမှ ထုတ်လုပ်ထားသဖြင့် ဝယ်ယူသုံးစွဲသူများအနေဖြင့် စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဆက်ကပ်လှူဒါန်း

**သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁)မှ (၁၈)အထိ တက်ရောက်ခဲ့ကြသော သင်တန်းသား သင်တန်းသူများ၏ (၁၂)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို သြဂုတ်၁၇ရက်က စမ်းချောင်းမြို့နယ် ဦးဝိစာရလမ်းရှိ ဗားကရာတောရကျောင်းတိုက်၌ ကျင်းပရာ ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝိသုဒ္ဓအမှူးပြုသော ဆရာတော်သံဃာတော်များအား သင်တန်းသား သင်တန်းသူဟောင်းများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း စဉ်။** (ကြေးမုံ)

# ချင်းတွင်းနှင့်စစ်တောင်းမြစ်ရေ အခြေအနေ

**နေပြည်တော် သြဂုတ် ၂၀**

ချင်းတွင်းမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်များအရ ဟုမ္မလင်းမြို့၌ စိုးရိမ်ရေမှတ်အထက် စင်တီမီတာ၃၀ (တစ်ပေခန့်)၊ မော်လိုက်မြို့၌ စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာနှင့် ကလေးဝမြို့၌ စိုးရိမ်ရေမှတ်အထက် ၁၀စင်တီမီတာသို့ အသီးသီးကျော်လွန်ရောက်ရှိနေပြီး အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရတောင်ငူမြို့၌ ၆၀၄စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၆၀၀အထက်တွင်ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

# ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်

ရန်ကုန် သြဂုတ် ၂၀

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲ၊ တနင်္သာရီတိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင်နေရာအနှံ့အပြား မိုးရွာခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကျောက်ဖြူမြို့တွင် ၂ဒသမ ၃၂လက်မ၊ မောင်တောမြို့တွင် ၁ဒသမ ၉၃လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ဒသမ ၆၅လက်မ၊ ခရမ်းမြို့တွင် ၁ဒသမ ၅၄လက်မ၊ အမ်းမြို့တွင် ၁ဒသမ ၅၀လက်မ၊ ဂွမြို့တွင် ၁ဒသမ ၄၆လက်မ၊ မြစ်ကြီးနားမြို့နှင့် ကလေးမြို့တို့တွင် ၁ဒသမ ၃၃ လက်မစီ၊ ပုသိမ်မြို့တွင် ၁ဒသမ ၂၆လက်မ၊ မြင်းခြံမြို့တွင် ၁ဒသမ ၀၆လက်မနှင့် မင်းဘူးမြို့တွင် ၀ဒသမ ၄၇လက်မတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်ရှိနေသည်။

**သြဂုတ်၂၁ရက်ညနေထိခန့်မှန်းချက်။** ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ချင်းပြည်နယ်၊ရှမ်းပြည်နယ်၊ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာအနှံ့အပြားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်** ။ ကမ်းရိုးတန်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

၂၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၀ ဒီဂရီဖာရင်ဟိုက်)၁၉-၈-၂၀၀၈

**အနိမ့်ဆုံးအပူချိန်**

၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)၂၀-၈-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း ၂၀-၈-၂၀၀၈

နေပူသည့်နာရီပေါင်း မရှိပါ ၁၉-၈-၂၀၀၈

**မိုးရေချိန်**

| ရက်စွဲ | မင်္ဂလာဒုံ | ကမ္ဘာအေး | ရန်ကုန်မြို့လယ် |
|---|---|---|---|
| ၂၀-၈-၂၀၀၈ | ၁၀မမ (၀ဒသမ၀၄လက်မ) | ၁၁မမ (၀ဒသမ၄၄လက်မ) | ၇မမ (၀ဒသမ၂၈လက်မ) |
| ၁-၁-၂၀၀၈မှ ယနေ့အထိ | ၂၀၀၄မမ (၇၈ဒသမ၉၀လက်မ) | ၂၂၄၄မမ (၈၈ဒသမ ၃၅လက်မ) | ၂၆၂၂မမ (၁၀၃ဒသမ ၂၃လက်မ) |

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၁၉-၈-၂၀၀၈ ရက် ၉း၃၀နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ငါးမိုင်နှုန်း တိုက်ခတ်သည်။

## လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

# အစိုးရအဖွဲ့ -အဖွဲ့ဝင်ဝန်ကြီးများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်တို့ တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၀

**ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည် ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်လည်းကောင်း၊ နံနက် ၁၁ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့်လည်းကောင်း၊ မွန်းလွဲ၂နာရီတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် ငြိမ်းချမ်းရေး ရယူထားသော ကရင်တိုင်းရင်းသား ခေါင်းဆောင်များနှင့် လည်းကောင်း၊ ညနေ ၆ နာရီ မိနစ် ၂၀ တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းနှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ သီးခြားစီ တွေ့ဆုံသည်။**

ထို့အတူ ညနေ ၃ နာရီမှ ၆ နာရီ ၁၅ မိနစ်အထိ နိုင်ငံရေးပါတီများဖြစ်ကြသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အရွေးချယ်ခံ တစ်သီးပုဂ္ဂလအဖွဲ့နှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ သီးခြားစီ တွေ့ဆုံသည်။

ညပိုင်းတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ကုလသမဂ္ဂ

အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Gambari အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

**ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူး အကြံပေးပုဂ္ဂိုလ်** Mr. Ibrahim Agboola Gambari **တို့ ရန်ကုန်မြို့ရှိ စိမ်းလဲ့ကန်သာ ဧည့်ရိပ်သာ၌ တွေ့ဆုံကြစဉ်။**
(သတင်းစဉ်)

### တွေ့ဆုံ

**ပြည်ထောင်စု ပအိုဝ်း အမျိုးသားအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ တွေ့ဆုံကြစဉ်။**
(သတင်းစဉ်)

### တွေ့ဆုံ

**အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibrahim Agboola Gambari တို့ တွေ့ဆုံကြစဉ်။**
(သတင်းစဉ်)

## အင်ဒိုနီးရှားလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံးပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် မြန်မာအသင်းထွက်ခွာ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၀၈ခုနှစ် (၉)ကြိမ်မြောက် အင်ဒိုနီးရှား လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖလား ဘောလုံး ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြိုင်ပွဲဝင် မြန်မာအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးကျော်ဆန်းဦး(အား/ကာ)၊ နည်းပြချုပ် မားကို့စ်အန်တိုနီယိုဖလော်ပါ၊လက်ထောက်နည်းပြအဖြစ် ဦးဉာဏ်ဝင်းနှင့် ဦးမျိုးချစ်၊ သူနာပြုအဖြစ်

**စာမျက်နှာ ၉ ကော်လံ ၃ သို့** ✧